ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 July 2023 ၁၁၁၄၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

## ပညာရေးဝန်ကြီးဌာန(က)အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိ

**နေပြည်တော် ဇူလိုင် ၄**

တက္ကသိုလ် လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့် ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ



### ဖြစ်ရပ်မှန် ကမ္ဘာ့မြင်ကွင်းကြားက ရယူအပ်ရာ သင်ခန်းစာများ

ဆောင်းပါး စာမျက်နှာ » ၆



### ဖိလစ်ပိုင်နိုင်ငံ၌ တီဘီရောဂါတိုက်ဖျက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်

စာမျက်နှာ » ၁၃

ကြေးမုံ

# ကျား၊ မ တန်းတူရင်ပေါင်တန်း၍ စွမ်းဆောင်ရည်များမြှင့်တင်

၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့တွင် ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးများအား ဂုဏ်ပြုချီးမြှင့်ပေးခဲ့ခြင်းကို တစ်မျိုးသားလုံးအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြရမည်ဖြစ်သည်။ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထူးချွန်အမျိုးသမီးများ၊ အားကစားကဏ္ဍ ထူးချွန်အမျိုးသမီးများ၊ ပညာရေးကဏ္ဍမှ ထူးချွန်အမျိုးသမီးများ စသည့်နယ်ပယ်ကဏ္ဍအသီးသီးမှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

"မြန်မာနိုင်ငံ လူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့ အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးများဟာ လောကကို တစ်ဖက်တစ်လမ်းက တာဝန်ယူသူများ၊ လူငယ်လူရွယ်များရဲ့ အနာဂတ်ကို လှပအောင်ဖန်တီးသူ ဥယျာဉ်မှူးများဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်တွေကို ပုံသွင်းထုဆစ်ပေးကြတဲ့ ဗိသုကာပညာရှင်များဖြစ်ကြပါတယ်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ပေးပို့သည့် မိန့်ခွန်း၌ဖော်ပြထားသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ အသက် (၁၅) နှစ်နှင့်အထက် အမျိုးသမီးစာတတ်မြောက်မှုနှုန်းသည် အမျိုးသားစာတတ်မြောက်မှုနှုန်းထက် ခြောက်ရာခိုင်နှုန်းလျော့နည်းပြီး အသက်(၁၅)နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်းတွင်လည်း အမျိုးသမီးလုပ်သားပါဝင်မှုနှုန်းသည် အမျိုးသားလုပ်သားပါဝင်မှုနှုန်းထက် အနည်းငယ်လျော့နည်းနေသည်။ အဆိုပါ အချက်အလက်များအရ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်များ၏ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက် ပညာသင်ကြားတတ်မြောက်ရေးကို မြှင့်တင်ပေးဖို့လိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အလုပ်လုပ်နိုင်သည့်အရွယ် အမျိုးသမီးများ၏ စွမ်းရည်များကို မြှင့်တင်ပေးရန်လိုအပ်သည်။

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများ၌ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ၊ နှိမ့်ချဘေးဖယ်ထားမှုများရှိနေသည်။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကို ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပြဋ္ဌာန်းထားသည်။ အဆိုပါကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများအား ကျား၊ မ တန်းတူမခွဲခြားဘဲ မည်သည့်ကဏ္ဍတွင်မဆို ပါဝင်ခွင့်ပေးထားသည်။ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အသီးသီးတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူရင်ပေါင်တန်းပြီး လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နေကြသည်။

နိုင်ငံနှင့်လူမျိုး အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်တွင် အမျိုးသမီးများပါဝင်မှုနှုန်းမှာ ယခင်ခေတ်ကာလများကထက် မြင့်မားလာသည်ကို တွေ့ရသည်။ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် အမျိုးသမီးများသည် ဦးဆောင်မှုအခန်းကဏ္ဍများတွင်ပါ ပါဝင်လာနိုင်ကြသည်ကို တွေ့ရသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ ပြည်ထောင်စုဝန်ကြီးဌာနများတွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှု မြင့်မားလာသည်ကိုတွေ့ရသည်။ ညွှန်ကြားရေးမှူးချုပ်အဆင့်၌ ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်တွင် ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်၌ ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်တွင် ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်တွင် ၅၇ ရာခိုင်နှုန်းပါဝင်ပြီး အရာရှိနှင့် အခြားအဆင့်များတွင် အမျိုးသားများထက် ပိုမိုပါဝင်လာသည်ကို တွေ့ရသည်။

အလားတူ အများပြည်သူဝန်ဆောင်မှုကဏ္ဍများတွင်လည်း အမျိုးသမီးများ ပိုမိုပါဝင်လာကြပြီး ဆရာဝန်၊ သူနာပြု၊ သင်ကြားရေးဆိုင်ရာဆရာများတွင် အမျိုးသမီးများမှာ အများစုဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် မြန်မာအမျိုးသမီးများသည် ကျား၊ မ တန်းတူမခွဲခြားဘဲ စွမ်းဆောင်ရည်မြင့်မားစွာ ပါဝင်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နည်းပညာဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိနေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ ကျား၊ မ တန်းတူညီမျှစွာ လျှောက်လှမ်းနိုင်ရေးအတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်အသိပညာမြှင့်တင်ဆောင်ရွက်ရေး၊ နည်းပညာလက်လှမ်းမီရေး၊ လေ့ကျင့်သင်ကြားပေးမှုများတွင် ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ မြင့်မားတိုးတက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာအမျိုးသမီးများ၏အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| (၁) ဦးမြင့်ဆွေ | ရာထူး၊ ဌာန<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံးအဖွဲ့<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၂) ဦးဇော်မင်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |

## တောင်ငူမြို့၌ ခရိုင်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ရွတ်ဆိုပြိုင်ပွဲ ကျင်းပ

တောင်ငူ ဇူလိုင် ၄

ခရိုင်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ရွတ်ဆိုပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၇ နာရီခွဲက ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ တောင်ငူခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်အသင်းငါးသင်းက ယှဉ်ပြိုင်ကြသည်။



အဆိုပါ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ရွတ်ဆိုပြိုင်ပွဲတွင် ဓမ္မာရုံသီလရှင်စာသင်တိုက်မှ စာချဆရာလေး နှစ်ပါးနှင့် ခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးတို့က ဒိုင်အဖြစ် ဆောင်ရွက်ပြီး ပထမဆုရရှိသည့် ရေတာရှည်မြို့နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## TBBCG ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

မန္တလေး ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး TBBCG ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တီဘီရောဂါအထူးကုဆေးရုံကြီး (မန္တလေး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဒေါက်တာထက်နုဝေနှင့် ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာလွင်တို့က အမှာစကားများပြောကြားသည်။ ယင်းအသင်းတွင် အသင်းသား အသင်းသူ ၇၀ ရှိပြီး အသင်းသားများအား ထောက်ပံ့ငွေကျပ် ၇၃၅၀၀၀ ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၆၃၀ | ၅,၀၄၀,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၈,၀၈၅ | ၂၂,၈၇၃,၀၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၉၃ | ၆၆၉,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၅,၉၅၅ | ၈,၉၃၂,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၂၃၁ | ၁,၁၀၉,၅၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၀၀ | ၇၅,၂၂၇ | ၁၃၈,၂၁၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှအုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(က)အသင်းက ခြောက်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူး ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက အကောင်းဆုံးဂိုးသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းမှ ဂိုးသမား စောကျော်ခန့်နိုကိုလည်းကောင်း၊ ကောင်စီဝင် ဒေါက်တာ အောင်ကျော်မင်းက အကောင်းဆုံးနောက်တန်းကစားသမားဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ ခွန်ဝင်းကျော်ကိုလည်းကောင်း၊ ကောင်စီဝင် ဒေါက်တာမှူထန်က အကောင်းဆုံးအလယ်တန်းကစားသမားဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းမှ ထက်မြတ် မင်းကိုလည်းကောင်း၊ ကောင်စီဝင် ဦးမောင်ကိုက အကောင်းဆုံး ရှေ့တန်းကစားသမားဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ ကိုကိုလင်းကိုလည်းကောင်း၊ ကောင်စီဝင် မန်းငြိမ်းမောင်က ဂိုးသွင်း အများဆုံးကစားသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်း မှ ဇော်ဇော်ထိုက်ကိုလည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် ပညာရေး ဝန်ကြီးဌာန(က)အသင်းမှ သန်းမြတ်စိုးကိုလည်းကောင်း တစ်ဦးချင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

အကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြ သည်။

ဆက်လက်၍ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တတိယ ဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း ကိုလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ပထမဆုရရှိ သည့် ပညာရေးဝန်ကြီးဌာန(က)အသင်းကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန(က)အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆု ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင် များသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက် သည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ကို ပြိုင်ပွဲအသင်း ၁၁ သင်းတို့ဖြင့် အုပ်စုသုံးစုခွဲကာ ဇွန် ၂၂ ရက်မှ ယနေ့ အထိကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် သန်းမြတ်စိုးကို အကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာအောင်ကျော်မင်း အကောင်းဆုံးနောက်တန်းကစားသမားဆုရရှိသည့် ခွန်ဝင်းကျော်ကို အကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှူထန် အကောင်းဆုံးအလယ်တန်းကစားသမားဆုရရှိသည့် ထက်မြတ်မင်းကို အကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

# အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြန်ကြားရေး ဝန်ကြီးဌာနက အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ "ပန်းတိုင်းပွင့်၍ မွှေးပါစေ" မှတ်တမ်းဗီဒီယိုနှင့် "မိုခါမုန်တိုင်း စုပေါင်းမှုအင်အားရလဒ်" မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့အနေဖြင့် အထက(၁၂) ကျောင်းစာကြည့်တိုက်အတွက် တတ်နိုင်သည့်အင်အားဖြင့် ပထမအကြိမ်လာရောက်လှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများ ဖြစ်သည့်အတွက် ကျောင်းပညာရပ်များကို ကြိုးစားသင်ယူခြင်း၊ သုတ ရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခြင်းတို့ဖြင့် မိမိတို့ဘဝကိုမြှင့်တင်သွားကြရမည် ဖြစ်ပါကြောင်း၊ စာအုပ်စာပေများက လူငယ်များ၏ ဘဝကို မြှင့်တင်ပေးပြီး အသိပညာဗဟုသုတများ ရရှိစေမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း လူငယ်ကဏ္ဍကို အလေးထားမြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ထိုသို့အလေးထား ဆောင်ရွက်သည်နှင့်အညီ ကျောင်းသားကျောင်းသူများ အနေဖြင့်လည်း မိမိဝန်းကျင်၊ မိမိဒေသ၊ မိမိတိုင်းပြည်က အားကိုး၊ အားထားပြုရသည့် လူချွန်လူကောင်း၊ သားကောင်းရတနာများ ဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း၊ ယနေ့ လှူဒါန်းသည့် စာအုပ်များတွင် ကျောင်းသားလူငယ်များအတွက် အကျိုးရှိမည့် စာအုပ်များကို ရွေးချယ်လှူဒါန်းပေးထားပါကြောင်း၊ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့်စကားအတိုင်း မိမိတို့ဘဝအတွက် အထောက်အကူပြုပြီး အကျိုးရှိစေမည့် သက်ဆိုင်ရာ စာအုပ်များကို လေ့လာဖတ်ရှုကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် စာအုပ်ဗီရိုတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုတို့က လက်ခံရယူကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သူဇာဝေက စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများသည် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ဥတ္တရအလင်းတန်း စာကြည့်တိုက်အတွင်း ကျောင်းသားကျောင်းသူများ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းမိသားစုက စာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကျွန်းဗီရိုနှစ်လုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ခြောက်သိန်း ငါးသောင်းတန်ဖိုးရှိ စာအုပ် ၁၅၀၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ငွေကျပ် ငါးသိန်းတစ်သောင်းကျော် တန်ဖိုးရှိ စာအုပ် ၃၇၀ စုစုပေါင်း ၂၁ သိန်း ခြောက်သောင်းကျော်ကို ဥတ္တရအလင်းတန်း စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုချီးမြှင့်၊ ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ထူးချွန်ကျောင်းသား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်နိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိရာ ကျောင်းသားကျောင်းသူများအနေဖြင့် ပညာရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ကြစေလိုကြောင်း၊ မျိုးဆက်သစ် ကျောင်းသားကျောင်းသူများ အနေဖြင့် တိုးတက် ပြောင်းလဲနေသည့် အတတ်ပညာ၊ နည်းပညာသစ်များနှင့် ရင်ပေါင်တန်းနိုင်ရန် အစဉ်ကြိုးစားပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြား သုံးသပ်နိုင်သော တိုင်းပြည်ကို အကျိုးပြုမည့် သားကောင်းရတနာ သမီးကောင်းရတနာများဖြစ်စေရေး ကြိုးစားအားထုတ် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မိမိတို့သင်ကြားတတ်မြောက်ထားသည့် ပညာပေါ်တွင် သတိ၊ သမာဓိ၊ သီလ၊ သဒ္ဓါ၊ ဝီရိယများထား၍ နိုင်ငံတော်ကို အကျိုးပြုသည့် နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်အောင် လေ့လာကြိုးစားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသော ထူးချွန်ကျောင်းသားများကို ဂုဏ်ပြုချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများ၏ သားသမီး အခြေခံပညာ ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သားသမီး အခြေခံပညာ ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ထောက်ပံ့ပေးအပ်သည်။ **သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေပေးအပ်

**မိတ္ထီလာ ဇူလိုင် ၄**

မိတ္ထီလာမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် စာချုပ်ချုပ်ပွဲနှင့် ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ကျင်းပသည်။

**ထုတ်ချေးပေးအပ်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးဦးစီးမှူး ဦးသက်နိုင်အေးက ချေးငွေများ ထုတ်ချေးပေးရခြင်းအကြောင်းအရင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးကဏ္ဍအတွက် ချေးငွေကျပ်သန်း ၁၂၀ ကို ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၂၈၇ ဦးအစုအဖွဲ့ ၃၅ ဖွဲ့ထံသို့လည်းကောင်း၊ မွေးမြူရေးကဏ္ဍအတွက် ချေးငွေကျပ် သန်း ၂၀၀ ကို ယူနစ် ၂၀ အတွက် မွေးမြူရေးလုပ်ငန်းရှင် ခုနစ်ဦးထံသို့လည်းကောင်း ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




စာအုပ်စာပေ လူ့မိတ်ဆွေ

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၈၁) ကြိမ်မြောက် ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၄

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က (၅၈၁) ကြိမ်မြောက် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသောင်းဝင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်လွှာများ ပြန်လည်ပေးအပ်ကြသည်။



ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လှိုင်ရတနာ ပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒထံမှ အခမ်းအနားသို့ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရားနာယူကြသည်။

**သိန်းပေါင်း တစ်သောင်းလေးထောင်ကျော်**

ယနေ့ ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော်၊ ရွှေပြား အလှူရှင် ၃၈ ဦးက ရွှေပြား ၅၉ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၅၆ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်းပေါင်း တစ်သောင်းလေးထောင် သုံးဆယ့်ကိုးသိန်း ငါးသောင်းလေးထောင်လေးရာ့လေးကျပ်တိတိ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့်စေလွှတ်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၄

ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့်စေလွှတ်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်မည့် လုပ်သားများကို ထိုင်းနိုင်ငံ၏ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ လုပ်ငန်း ခွင်တွင် လုပ်ကိုင်ဆောင်ရွက်ရာ၌ ဥပဒေပါ သိသင့်သိထိုက်သည့် အခြေခံအချက်များနှင့် ဆောင်ရန်/ ရှောင်ရန်အချက်များကို သိရှိနားလည်စေရန် ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများ၏ လုပ်ခလစာများ တရားဝင်ငွေလွှဲခြင်းဆိုင်ရာ အသိပညာပေးကိစ္စရပ်များကိုပါ ထည့်သွင်းပို့ချသွားမည်ဖြစ်ကြောင်း၊ လုပ်သားများအနေဖြင့် မိမိအား တာဝန်ယူစေလွှတ်သည့် ပြည်ပအလုပ်အကိုင်အေဂျင်စီ၏ အမည်နှင့်ဖုန်းနံပါတ်များ၊ သွားရောက်လုပ်ကိုင်မည့် စက်ရုံအမည်၊ လိပ်စာ၊ အလုပ်သမား သံအရာရှိများ၏ ဖုန်းနံပါတ်များ၊ လုပ်ငန်းခွင်အတွင်း ကြီးကြပ်သူများ၏ အမည်၊ ဖုန်းနံပါတ်များကို သိရှိအောင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ပြည်ပလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ခလစာရရှိပါက မိသားစုလွှဲပို့ငွေများ ပုံမှန်လွှဲပို့နိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုအပ်ပြီး တရားဝင်လွှဲပို့နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်အတွင်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စည်းကမ်းရှိစွာ နေထိုင်လုပ်ကိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) ထုတ်ပေးနေသည့်ရုံးများနှင့် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA) ရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး HRD-Korea မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ EPS စနစ်ဖြင့် အလုပ်သမားစေလွှတ်ခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

အဆိုပါပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်မှုသင်တန်းကို ဇူလိုင် ၄ ရက်မှစတင်၍ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) မပြုလုပ်မီ တစ်ရက် ကြိုတင်ခေါ်ယူပြီး တစ်ရက်လျှင်





လေးကြိမ်၊ တစ်ကြိမ်လျှင် အလုပ်သမားဦးရေ ခန့်မှန်း ၂၀၀ ဖြင့် နှစ်နာရီကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)သို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ဒေါက်တာဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုး ယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခုထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာန၌ လာရောက်ပြသသည့် ပြင်ပလူနာများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး အတွင်းလူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့သည်။

သတင်းစဉ်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
က
ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော
**နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ**
**(၂၀၂၂ ခုနှစ်)**
ဥပဒေရေးရာဝန်ကြီးဌာနကထုတ်ဝေသည်။
၂၀၂၃ ခုနှစ်


# ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်ထုတ်ဝေ

နေပြည်တော် ဇူလိုင် ၄

ဥပဒေရေးရာ ဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ခဲ့သောအမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နှစ်စဉ်ထုတ်ပြန်လျက်ရှိသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုစုစည်း၍ နှစ်အလိုက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ စာအုပ်ကို ထုတ်ဝေခဲ့ရာ ယခုအခါ ၂၀၂၂ ခုနှစ် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များကို စုစည်း၍ စာအုပ်ထုတ်ဝေပြီးဖြစ်သည်။

"၂၀၂၂ ခုနှစ် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ" စာအုပ်သည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သော အမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများကိုစုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် နည်းဥပဒေကိုးခု၊ လုပ်ထုံးလုပ်နည်း သုံးခု၊ အမိန့်ပေါင်း ၈၀ နှင့် ကြေညာချက်သုံးခုတို့ ပါဝင်သည်။

အဆိုပါ "၂၀၂၂ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ" စာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာ လေ့လာလိုသူများအတွက် အသုံးဝင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဖြစ်ရပ်မှန် ကမ္ဘာ့မြင်ကွင်းကြားက ရယူအပ်ရာ သင်ခန်းစာများ

မြင့်မြတ်

## သူများလက်နက် ကိုယ့်အသက်မက ဘဝတွေ ဖျက်နေကြသူများ

ကမ္ဘာကြီးရဲ့ နေရာတစ်နေရာရာမှာ လူတွေ သေကျေပျက်စီးတာကိုကြည့်ပြီး ကျိတ်ပြီးပျော်နေတဲ့အုပ်စုတစ်ခု၊ အဖွဲ့တစ်ဖွဲ့ သို့မဟုတ် နိုင်ငံတစ်နိုင်ငံ ရှိကိုရှိနေတယ်ဆိုရင် အများစုက အံ့အားသင့်ကြပါလိမ့်မယ်။ စစ်တွေဖြစ်နေတာ မကောင်းဘူး၊ စိတ်မကောင်း၊ ဝမ်းနည်းတဲ့သူကများပေမယ့် တကယ်လည်း စစ်ကိုမဖြစ်ဖြစ်အောင် ဖန်တီး၊ စစ်ကို အဆုံးမသတ်နိုင်အောင် လောင်စာဆက်ရှို့နေတဲ့ လူတစ်စုကတော့ အမှန်တကယ်ကို ရှိနေပါတယ်။ လက်ရှိဖြစ်နေတဲ့ ယူကရိန်း-ရုရှားပဋိပက္ခကိုပဲကြည့်ပါ။

ဒီစစ်ပွဲကို ကမ္ဘာကြီးကလည်း အဆုံးသတ်စေချင်ပါပြီ၊ ဒုက္ခပေါင်းစုံခံစားရတဲ့ ယူကရိန်းပြည်သူတွေကတော့ ဆိုဖွယ်ရာမရှိ၊ ပြီးစေချင်လှပြီဆိုတာ မေးခွန်းထုတ်စရာမလိုပါဘူး။ စီးပွားဆုတ်ယုတ် ဘဝတွေပျက်၊ အဏုမြူခြိမ်းခြောက်မှုအန္တရာယ်နဲ့ အနာဂတ်မဲ့ ထိတ်လန့်နေကြတဲ့ စစ်ဒဏ်ခံယူကရိန်းပြည်သူတွေကို စာနာနားလည်မှု ပေးကြတဲ့သူတွေ ကမ္ဘာမှာ များစွာများစွာရှိနေသော်လည်း...။

## အမြော်အမြင်နည်းပါးသော ခေါင်းဆောင်ကြောင့်

လက်ရှိဖြစ်နေတဲ့ ရုရှား- ယူကရိန်းစစ်က အဆုံးသတ်ဖို့ မလွယ်ပါဘူး။ တရုတ်နိုင်ငံရဲ့ ဖျန်ဖြေမှုဟာလည်း အဟောသိကံ ဖြစ်ခဲ့ရပြီ။ တရုတ်နိုင်ငံရဲ့ စေ့စပ်ပေးမှုကို ယူကရိန်းခေါင်းဆောင်တွေက လက်မခံသလို အမေရိကန်ကလည်း ပယ်ချခဲ့ပါတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးလိုလားတဲ့ ဘရာဇီးလ်လို နိုင်ငံအများအပြားကတော့ လက်ခံပါတယ်။ ယူကရိန်းခေါင်းဆောင်တွေဟာ အရှုံးထဲက အမြတ်ကို မထုတ်တတ်တဲ့အတွက် နစ်ပြီးရင်းနစ်မယ့် အနေအထားတွေသာ မြင်တွေ့နေရပါတယ်။

အချုပ်အခြာနဲ့နယ်မြေပိုင်နက် ယခုထက်ပိုပြီး ဆုံးရှုံးနိုင်ခြေရှိတဲ့ အနေအထားကို ယူကရိန်းခေါင်းဆောင်တွေ စစ်မဖြစ်ခင်ကတည်းက ထည့်သွင်းမစဉ်းစားခဲ့တာကတော့ တကယ့်ကိုအမြော်အမြင်နည်းပါးတယ်လို့ဆိုရပါလိမ့်မယ်။ တကယ်ကို သင်ခန်းစာယူစရာပါ။ ယူကရိန်းခေါင်းဆောင်တွေရဲ့ ရေရှည်မစဉ်းစားတတ်တဲ့ အမြော်အမြင် နည်းပါးမှုကို တွေးဆရင်း ယနေ့နိုင်ငံအကြီးအကဲတွေရဲ့ ပြည်တွင်းရေးနဲ့ ပြည်ပရေးရာတွေမှာ ဟန်ချက်ညီညီ အမြော်အမြင်ရှိရှိ တွေးခေါ်ဆောင်ရွက်သွားပုံတွေနဲ့ နှိုင်းယှဉ်သုံးသပ်မိပါတယ်။ ယူကရိန်းလို အခြေအနေကို အခုလို လက်မခံနိုင်တဲ့အတိုင်းအတာမှာ ငါတို့ပြည်သူတွေ အဆိုးဆုံးအနေအထားကြီး တစ်ခုဆီ ရောက်မသွားတာကိုက ကံကောင်းလှတယ်လို့ ဆိုရပါလိမ့်မယ်။



စစ်ပွဲများဖြစ်ပွားမှုကြောင့် အီရတ်နိုင်ငံ မိုဆူးမြို့ရှိ ပျက်စီးနေသည့်အဆောက်အအုံများကို တွေ့ရစဉ်။

## သူများအတွက်နဲ့ စတေးခံနိုင်ငံသားတွေရဲ့ ဘဝတွေ

ဘယ်လိုပဋိပက္ခပဲဖြစ်ဖြစ်၊ ဘယ်ပုံစံစစ်ပွဲပဲ ဖြစ်ဖြစ် ဖြစ်ပြီဆိုရင် ယုံကြည်မှုပြန်လည်တည်ဆောက်ရတာ အင်မတန်ခဲယဉ်းတယ်ဆိုတာ ဒီစစ်ပွဲက ပြသနေပါတယ်။ ဖြေရှင်းဖို့ မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်မှုတည်ဆောက်ဖို့ ခက်ခဲနေလို့ပါ။ ငြိမ်းချမ်းရေးတည်ဆောက်မှုမှန်သမျှ ထိုနည်းတူပါပဲ။ တစ်ဖက်က ယုံကြည်မှု ဘယ်လိုပေးပေး တစ်ဖက်ကပေးတဲ့ ယုံကြည်မှုကို နားလည်နိုင်စွမ်းမရှိရင် ငြိမ်းချမ်းရေးရဖို့ မလွယ်ပါဘူး။ အယူမှား၊ အမြင်မှားပြီး နားလည်မှုလွဲအောင် မြှောက်ပေးပင့်ပေးတဲ့သူကိုပဲ အမှန်ထင်နေတတ်တယ်။ ကိုယ့်ကို မြှောက်ပေးလို့မြှောက်ပေးမှန်းမသိ၊ သူများအတွက်နဲ့ ကိုယ့်နိုင်ငံသားတွေရဲ့ အသက်တွေ စတေးနေကြရတာကို မြင်ဖို့လိုပါတယ်။

ယခုလတ်တလောမှာ ယူကရိန်းပြည်သူလေးသိန်းလောက် သေဆုံးခဲ့ရပါပြီ။ မြို့တွေ ပျက်စီး၊ လမ်းတံတားတွေ ဖျက်ဆီးခံခဲ့ရပါပြီ၊ စားရေရိက္ခာတွေ လျော့ပါးကုန်ပြီ၊ မိမိနိုင်ငံသားတွေ သူများနိုင်ငံထဲရောက်၊ အောက်ကျနောက်ကျဘဝနဲ့ နေရတဲ့နိုင်ငံသား ၂၅ သန်းကျော်သွားပါပြီ။ ကိုယ့်ဘက်က အသာရဖို့နေနေသာသာ ကိုယ့်နိုင်ငံနယ်နိမိတ် ၂၀ ရာခိုင်နှုန်းအထိ သူများလက်ထဲ ပါသွားပါပြီ။ ညံ့လွန်းတဲ့ခေါင်းဆောင်အောက်မှာ ဒါမျိုးတွေ ဖြစ်တတ်ပါတယ်။ ခေါင်းဆောင်မလိမ္မာလို့ အချုပ်အခြာအာဏာဆုံးရှုံးရတဲ့အထိ အခြေအနေမျိုးကို ဘယ်လိုမှ ခံစားလို့မရနိုင်ပါဘူး၊ ခံစားမှုမဲ့တဲ့ ခေါင်းဆောင်ရဲ့အောက်မှာ နေရတဲ့ ယူကရိန်းပြည်သူတွေရဲ့ဘဝဟာ အလွန်ကို သနားစရာကောင်းလှပါတယ်။

## အတွက်အချက်မှားယွင်းတဲ့ game plan နဲ့ အထိုးကျွေးခံ ...ပွန်း

ယူကရိန်းစစ်ဟာ တကယ်တော့ ယူအက်စ်နဲ့ အနောက်အုပ်စု၊ သူတို့ရဲ့ လက်ဝေခံနိုင်ငံအချို့ရဲ့ အတွက်အချက် မှားယွင်းတဲ့ game plan တစ်ခုပါပဲ။ ရလဒ်အနေနဲ့က ယူကရိန်းနိုင်ငံနဲ့ ယူကရိန်းပြည်သူတွေဟာ အမေရိကန်နဲ့ ရုရှားနိုင်ငံကြား ပဋိပက္ခရဲ့ သားကောင်တွေဖြစ်နေရပါပြီ။ နှစ်နိုင်ငံကြား proxy စစ်ပွဲမှာ အမေရိကန်ထိုးကျွေးတဲ့ ပွန်းကို ယနေ့ ယူကရိန်းပြည်သူတွေ ခံစားနေရတယ်လို့ပြောသွားသူက ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲဝင်မယ့် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ရောဘတ်ဖရန့်စစ်ကနေဒီ ဂျူနီယာ (၃၅ ဦးမြောက် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီရဲ့ တူအရင်းဖြစ်သူက သူ့ရဲ့မဲဆန္ဒရှင်တွေကို ရှင်းလင်းတဲ့ပြောစကား) ဖြစ်ပါတယ်။

အလွန်သင်ခန်းစာယူသင့်တဲ့ ထိုမှတ်ချက်ကို Nation TV က ဖော်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလို စဉ်းစားမိတယ်ဆိုရင်တောင် စဉ်းစားမိတဲ့အချိန်နောက်မကျပါဘူး။ ယူကရိန်းနိုင်ငံရော ပြည်သူကိုပါ ကယ်တင်လို့ ရပါသေးတယ်။ ကယ်တင်ဖို့ စစ်ကို ဆက်တိုက်ချင်နေတာ စစ်ကိုမရပ်ချင်တာ ဘယ်သူလဲ၊ ဒီအချိန်မှာ ရှင်းရှင်းလင်းလင်း သိဖို့လိုလာပါပြီ။ ကမ္ဘာတစ်ဝန်းက ပြည်သူတွေက စစ်ကိုရပ်ချင်နေကြပါပြီ၊ ယူကရိန်းပြည်သူတွေကတော့ အဆိုးဆုံးပေါ့။

စစ်ရဲ့အနိဋ္ဌာရုံတွေကို မမြင်ချင်အဆုံး၊ မကြားချင်အဆုံးဟာ ယူကရိန်းပြည်သူတွေကလွဲပြီး ဘယ်သူမှ မရှိနိုင်ပါဘူး။ ထိုနည်းတူ အနောက်ဥရောပ ပြည်သူအများစုကလည်း စစ်ကိုဆန့်ကျင်ကုန်ပါပြီ။ တရုတ်နိုင်ငံက အဆိုပြုတဲ့ ငြိမ်းချမ်းရေးအဆိုပြုချက်ကိုလည်း ယူကရိန်းနဲ့ အမေရိကန်ဘက်က သဘောမတူဘူး...ဆိုတော့၊ ရုရှားနိုင်ငံနဲ့ပြည်သူတွေကတော့ အစကတည်းက မတိုက်ချင်တဲ့စစ်ကို သူတို့ အမျိုးသားလုံခြုံရေးအတွက် တိုက်ခဲ့ကြရတယ်။ ရုရှားဘက်ကတော့ သူ့ဘက်က ဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေနဲ့ စစ်ကိုရပ်မယ်ဆိုရပ်လို့ရပြီ။ သူ့ဘက်က တောင်းဆိုချက်ဟာ သူ့နိုင်ငံလုံခြုံရေးအတွက် ဖြစ်သင့်တဲ့ တောင်းဆိုချက်တွေပါပဲ။ အနောက်မျှော် ယူကရိန်းဘက်ကတော့ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ တောင်းဆိုချက်တွေနဲ့ နယ်ချဲ့တို့ မြှောက်ပေးတဲ့အတိုင်း စစ်ဘောင်ကို ချဲ့ချင်နေတုန်းပါ။ စစ်မဖြစ်ခင်ကလည်း မစဉ်းစားခဲ့တဲ့ ခေါင်းဆောင်တွေ၊ စစ်ပြီးဆုံးဖို့လည်း လမ်းစမရှာတတ်တဲ့ ခေါင်းဆောင်တွေအနေနဲ့ ဆင်းရဲဒုက္ခတွင်းနက်နေတဲ့ ပြည်သူတွေရဲ့ဘဝတွေကို စာနာနားလည်ဖို့သင့်ပါပြီ။ မြှောက်ပေးသူနယ်ချဲ့တွေအနေနဲ့လည်း ကိုယ်ချင်းစာဖို့သင့်ပါပြီလို့သာ ဆိုချင်ပါတယ်။

## စစ်ရေးအမြင်မရှိတဲ့ ခေါင်းဆောင်ကြောင့်

တစ်ဖက်က ဇာလန်စကီးကို မြှောက်ပေးသူတွေအနေနဲ့က ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေးကို တကယ်လိုလားရင်၊ ယူကရိန်းပြည်သူတွေရဲ့ဘဝကို အမှန်တကယ် ကယ်တင်လိုတဲ့ စိတ်စေတနာရှိတယ်ဆိုရင် စစ်ကိုချက်ချင်းရပ်လို့ ရပါတယ်။ ယနေ့ယူကရိန်းစစ်ဟာ စစ်ကို ဖန်တီးခဲ့သူတွေရဲ့ လက်ထဲမှာပဲရှိပါတယ်၊ ဘယ်သူ့လက်ထဲမှာမှ မရှိပါဘူး။ စစ်ကိုရပ်ရမယ့်အစား စစ်ပွဲကို ပိုဆိုးစေတဲ့ လူသတ်လက်နက်တွေသာ အတောမသတ် ထောက်ပံ့ပေးနေတာ တွေ့နေရတယ်။ နောက်ထပ် နှစ်ဘီလီယံဖိုးခန့် လက်နက်တွေ ဆက်လက်ထောက်ပံ့မယ်လို့လည်း ကြေညာခဲ့ပါပြီ။

**တကယ်ဆို ကမ္ဘာမှာ အရေးပေါ်အကူအညီလိုအပ်နေတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို လူသားဆန်စွာထောက်ပံ့ကူညီသင့်တာပေါ့။ အကူအညီလိုအပ်နေတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို ကူညီဖို့ထောက်ပံ့တဲ့ ကုလသမဂ္ဂရန်ပုံငွေဟာ ယခုယူကရိန်းကို အမေရိကန်က ထောက်ပံ့နေတဲ့ လက်နက်တန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းပဲရှိပါတယ်တဲ့။ ( ဒါက ကုလသမဂ္ဂရဲ့ ရုရှားကိုယ်စားလှယ် ဗာဆီလီအလက်ဆီနီဗာညာရဲ့ မှတ်ချက်စကားပါ)။ ယနေ့လက်နက်တွေရဲ့ စွမ်းပကား ဘယ်လိုရှိမလဲဆိုပြီး သေတွင်းထဲ အပို့ခံရတဲ့ အစမ်းသပ်ခံ ယူကရိန်းစစ်သည်တွေနဲ့ ယူကရိန်းပြည်သူတွေရဲ့ဘဝကတော့ ဆက်မတွေးရဲစရာပါ။**

ခေတ်မီလက်နက်တွေ ဆက်ထောက်ပံ့တယ်။ လက်နက်အားကိုးနဲ့ တန်ပြန်ထိုးစစ်ဆိုပြီး ထရူးတယ်။ တိုက်ပွဲဝင်စိတ်မရှိတော့တဲ့ ယူကရိန်းစစ်သည်တွေ ထွက်ပြေးလက်နက်ချတဲ့သတင်းတွေ ကြားခဲ့ရတယ်။ ထောက်ပံ့ထားတဲ့နောက်ဆုံးပေါ် ခေတ်မီပက်ထရီးရော့လေကာတွေ ပျက်စီးသွားပါပြီ။ အနောက်အုပ်စုရဲ့ အဆင့်မြင့် လီယိုပတ်တင့်ကားတွေ၊ သံချပ်ကာယာဉ်တွေ တိုက်ခိုက်ဖျက်ဆီးခံလိုက်ရပါပြီ။ တန်ပြန်ထိုးစစ်မှာ ယူကရိန်းတပ်ဖွဲ့တွေ ချေမှုန်းခံနေရတယ်။ လက်ရှိယူကရိန်းခေါင်းဆောင်တွေဟာ ယူအက်စ်နဲ့အနောက်အုပ်စုရဲ့ ဖိအားဒဏ်ကို မခံနိုင်ကြပါဘူး။ မိမိစစ်သည်တွေ အကျအဆုံးများပြီး မရေရာဘဲ ဆင်နွှဲခဲ့ရတဲ့ တန်ပြန်ထိုးစစ်ဟာ ယူကရိန်းခေါင်းဆောင်တွေရဲ့ စစ်ရေးအမြော်အမြင်နည်းပါးမှုကို ပြသနေသလိုပါပဲ။ တိုင်းပြည်ကို ခေါင်းဆောင်မယ့် ခေါင်းဆောင်တစ်ဦးဟာ နိုင်ငံရေးအမြင်အပြင် စစ်ရေး၊ ကာကွယ်ရေး အမြင်ပါ ရှိရမယ်ဆိုတဲ့အချက်ဟာ တိုင်းပြည်ရဲ့လုံခြုံရေးအတွက် ဘယ်လောက်အရေးပါကြောင်း ယနေ့ ယူကရိန်းခေါင်းဆောင်တွေက ပြသနေပါတယ်။

## အာရုံလွှဲ ကမ္ဘာအနှံ့ခြေရှုပ်မှုတွေ ဖန်တီးလာနိုင်

ယနေ့ယူကရိန်းရဲ့အခြေအနေကိုကြည့်ရတာ အစပိုင်းမှာ နိုင်မယ်ထင်ပြီး မြှောက်ပေးတိုင်းလိုက်က၊ နောက်ပိုင်းအခြေအနေမဟန်မှ ပျားရည်နဲ့ဝမ်းချတာခံရမယ့်ဘဝ၊ ဒီနေ့ကမ္ဘာကြီးဟာ တစ်ဦးတည်းထီးတည်းနေလို့မရတဲ့ဘဝမှာ ကိုယ့်ရဲ့ညံ့ဖျင်းမှုကြောင့် ကိုယ့်နိုင်ငံ၊ နိုင်ငံသားတွေရဲ့ ဆုံးရှုံးမှုသာမက ဒေသတွင်းရော ကမ္ဘာကြီး ငြိမ်းချမ်းရေးအတွက်ပါ အန္တရာယ်ရှိလာနိုင်တာကို **စာမျက်နှာ ၇ သို့** ✤

> **ဝင်ရိုးတစ်ခုတည်း ဗဟိုပြုရာကနေ ဗဟုဝင်ရိုးစုံကမ္ဘာကြီးအဖြစ်ကို ဝင်ရိုးတန်းတွေ ဖြာထွက်ပြီး ကမ္ဘာ့စူပါပါဝါကြီး တစ်ခန်းရပ်ရတော့မယ့် အခြေအနေကို ခံစားနိုင်စွမ်းမရှိ ဖြစ်နေပုံရပါတယ်။ လက်ရှိဖြစ်နေတဲ့အနေအထားစုံကို တစ်ချိန်က စစ်အေးကာလနဲ့ယှဉ်ပြီး ကမ္ဘာ့ပြည်သူအားလုံးက သတိထားမိလာကြပါပြီ။ ယနေ့နိုင်ငံအများစုကြီးက ကမ္ဘာမှာတစ်ဦးတည်း ဗိုလ်ကျစိုးမိုးလွှမ်းမိုးချုပ်ကိုင်နေခြင်း၊ လွှမ်းမိုးခံရခြင်းတွေကို မလိုလားကြတော့ပါဘူး။ ဥရောပက နေတိုးအုပ်စုလို အလားတူအာရှမှာလည်း စစ်အုပ်စုဖွဲ့ပြီး အာရှတိုက်ကြီးကို စစ်မီးမွှေးမယ့်အကြံကို အထူးသတိပြုကြရပါမယ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံ China-ASEAN Forum on Emerging Industry ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

China–ASEAN Forum on Emerging Industry သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ ရောက်ရှိနေသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရှန်းကျန်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Jin Zhuanglong ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လျှပ်စစ်ကားများ၊ ဆိုလာများ၊ ဆေးပစ္စည်းထုတ်လုပ်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာများ လွှဲပြောင်းရရှိရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် China–ASEAN Forum on Emerging Industry ဖွင့်ပွဲ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ပြီး အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်




**နေပြည်တော် ဇူလိုင် ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရေး၊ အထက်အောက် အပြန်အလှန်ချစ်ခင်လေးစား ယုံကြည်မှု ရှိစေရေးနှင့် ပေးအပ်သည့် တာဝန်များကို အတူတကွ လက်တွဲပူးပေါင်းကာ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

တွက်ဆနိုင်ရပါမယ်။ ယနေ့ကာလမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် နိုင်ငံအားလုံး၊ ခေါင်းဆောင်အားလုံးမှာ တာဝန်ရှိတယ်ဆိုတာ အလေးအနက်ထားဖို့ လိုလာပါပြီ။

သို့ပေမယ့် လက်ရှိအခင်းအကျင်းအရတော့ အနောက်အုပ်စုက ယူကရိန်းကို လက်နက်အင်အား အလွန်အကျွံ ထောက်ပံ့လာသလို ကိုယ်တိုင်လည်း အုပ်စုလိုက် အင်အားပြ၊ ဟိုနေရာဒီနေရာ စစ်ရေးလေ့ကျင့်မှုတွေလုပ်ပြနေတဲ့အချက်က စစ်ပွဲကို မနိုင်မှန်းသိတော့ အုပ်စုလိုက် ဝိုင်းတိုက်မယ့် သဘောကိုသာ တွေ့မြင်ရပါတယ်။ ဟန်ရေးပြရာကနေ ကမ္ဘာ့ပြည်သူတွေကို ဘယ်သူသေသေ ငတေမာပြီးရော ကမ္ဘာစစ်ကြီးထဲ အတင်းအဓမ္မ ဇွတ်သွင်းနေတဲ့သဘောလို့ ဆိုနိုင်ပါတယ်။ စစ်ရဲ့ဆိုးကျိုးတွေကို သိသော်လည်း မထူးဇာတ်ခင်းတဲ့ သဘောပါပဲ။ နိုင်ငံရဲ့သမ္မတနဲ့ ခေါင်းဆောင်တွေ လာဘ်စားမှု အရှုပ်တော်ပုံနဲ့ စီးပွားရေး၊ နိုင်ငံရေးဆုတ်ယုတ်ပျက်စီးလာရာကနေ ကမ္ဘာကြီးကိုပါ အပါခေါ်မီးလောင်တိုက်သွင်းမယ့် အရိပ်အယောင်တွေများလား၊ တွေ့မြင်နေရပါတယ်။

### သင်ခန်းစာယူရမယ့်အချက်တွေ

**ဝင်ရိုးတစ်ခုတည်း ဗဟိုပြုရာကနေ ဗဟုဝင်ရိုးစုံကမ္ဘာကြီးအဖြစ်ကို ဝင်ရိုးတန်းတွေ ဖြာထွက်ပြီး ကမ္ဘာ့စူပါပါဝါကြီး တစ်ခန်းရပ်ရတော့မယ့် အခြေအနေကို ခံစားနိုင်စွမ်းမရှိ ဖြစ်နေပုံရပါတယ်။ လက်ရှိဖြစ်နေတဲ့အနေအထားစုံကို တစ်ချိန်က စစ်အေးကာလနဲ့ယှဉ်ပြီး ကမ္ဘာ့ပြည်သူအားလုံးက သတိထားမိလာကြပါပြီ။ ယနေ့နိုင်ငံအများစုကြီးက ကမ္ဘာမှာတစ်ဦးတည်း ဗိုလ်ကျစိုးမိုးလွှမ်းမိုးချုပ်ကိုင်နေခြင်း၊ လွှမ်းမိုးခံရခြင်းတွေကို မလိုလားကြတော့ပါဘူး။ ဥရောပက နေတိုးအုပ်စုလို အလားတူ အာရှမှာလည်း စစ်အုပ်စုဖွဲ့ပြီး အာရှတိုက်ကြီးကို စစ်မီးမွှေးမယ့်အကြံကို အထူးသတိပြုကြရပါမယ်။**

သင်ခန်းစာထုတ်ယူပြီး မိမိအင်အား မိမိတည်ဆောက်ထားဖို့ လိုမယ်ဆိုတာ အားလုံးက သတိချပ်ရမယ့်အနေအထား ဖြစ်ပါတယ်။ အထူးသဖြင့် စွပ်စွဲချက်တွေ၊ ဝါဒဖြန့်ချိမှုတွေ၊ သတင်းမှားတွေ၊ သပ်လျှိုမှုတွေ၊ လူလိမ်တွေကို သတိထား ဆင်ခြင်ကြဖို့ပါပဲ။ မှားယွင်းပြီး လက်ခုပ်မတီးမိအောင်၊ အတုအယောင်တွေကို မထောက်ခံမိအောင်၊ အမုန်းစကားတွေကို သတိထားပြီး ကိုယ်ကိုယ်တိုင် အမုန်းစကား ဖြန့်ဝေသူတွေ ဖြစ်မသွားအောင် အထူးသတိထားစေချင်ပါတယ်။

ကျွန်တော်တို့ မြန်မာပြည်သူတွေအနေနဲ့လည်း သင်ခန်းစာယူတတ်ရင် အများကြီးပါပဲ။ ယူကရိန်းပြဿနာမှာလိုပဲ မြန်မာနိုင်ငံမှာလည်း ပြဿနာကို ပြေလည်အောင် ကြိုးစားနေသူ၊ မပြေလည်အောင် ကြိုးစားနေသူတွေက ဘယ်သူလဲဆိုတာ ခွဲခွဲခြားခြား မြင်စေချင်ပါတယ်။ မြန်မာနိုင်ငံ အခြေအနေနဲ့ ပတ်သက်ပြီး မြန်မြန်ပြေလည်စေချင်ပုံရတဲ့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ဆက်စပ်နေတဲ့ ထိုင်းနိုင်ငံရဲ့ ဖိတ်ခေါ်အစည်းအဝေးတစ်ခုကို အနောက်လက်ဝေခံနောက်လိုက်နိုင်ငံ သုံးနိုင်ငံက ပိတ်ဆို့ဖို့ကြိုးစားခဲ့ကြတာလက်တွေ့ပါပဲ။ ထိုနိုင်ငံတွေဟာ တရုတ်နဲ့ **အိန္ဒိယတို့လို အိမ်နီးချင်းနိုင်ငံကြီးတွေတောင် ပါဝင်တက်ရောက်ခဲ့ကြတဲ့ ထိုအစည်းအဝေးကို လာမတက်ခဲ့ကြပါဘူး။ အချိန်တန်ရင် ကိုယ့်အမျိုးသားအကျိုးစီးပွား၊ ကိုယ့်နိုင်ငံနယ်နိမိတ် အထိပါးမခံရအောင်သာ ဘယ်လိုဘယ်ပုံဂရုစိုက်ကြပုံနဲ့ ဘယ်သူက မိတ်ဆွေအစစ်အမှန်ဆိုတာ သတိပြုမိစေဖို့နဲ့ သင်ခန်းစာယူနိုင်ဖို့ ဖြစ်ပါတယ်။**

နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအရ မဟာဗျူဟာအချက်အချာကျရာမှာ ရပ်တည်နေတဲ့ မြန်မာနိုင်ငံဟာ ယူကရိန်း၊ တရုတ်(တိုင်ပေ)တို့နဲ့ တန်းတူ အရေးကြီးပါတယ်။ ဆင်ခြင်တုံတရားမရှိ ပညာမဲ့ရင် ပေးရမယ့်အရင်းအနှီးက ကြီးမားလွန်းလှပါတယ်။ ကမ္ဘာကြီးကို ပြဿနာလိုက်ရှာနေတာ ဘယ်သူလဲ။ အမြင်ကြည်ကြည်နဲ့ မြင်အောင်ကြည့်စေချင်ပါတယ်။ Domino Effect လိုပါပဲ။ သူတို့ရဲ့ ပစ်မှတ်နိုင်ငံ တစ်နိုင်ငံ ပြိုလဲပျက်စီးရင် ကျန်ဘေးကနိုင်ငံတွေပါ အလိုလိုပျက်စီးသွားစေမယ့် ရည်မှန်းချက်အတွက် ကိုယ့်ပြည်တွင်းမှာ ဒီလောက် ပဋိပက္ခမျိုးစုံနဲ့ ဘယ်လိုဖန်တီးခံနေရတယ်ဆိုတာ မြင်စေချင်ပါတယ်။ တစ်နိုင်ငံထိခိုက်ရင် ကျန်နိုင်ငံတွေလည်း ထိခိုက်မှာပါ။

**“ယနေ့ကမ္ဘာ့နိုင်ငံအများစုဟာ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေရဲ့ လိုသလိုပုံသွင်းခံရမယ့်အရေးကနေ တစ်ပါးသြဇာခံမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေကြရပြီလည်းဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံနဲ့ ယူဂိုဆလားဗီးယားတို့လို အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားတဲ့ နိုင်ငံတွေ၊ ဆီးရီးယားနဲ့ လစ်ဗျားလို ကျဆုံးသွားတဲ့ Fail State နိုင်ငံတွေ၊ အီရတ်နဲ့ အာဖဂန်နစ္စတန်တို့လို အဖျက်ဆီးခံလိုက်ရတဲ့နိုင်ငံတွေရဲ့ အတိတ်သမိုင်းတွေဆီကနေ သင်ခန်းစာယူစရာတွေ အများကြီးရှိနေပါတယ်”**

**ယနေ့ကမ္ဘာ့နိုင်ငံအများစုဟာ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေရဲ့ လိုသလိုပုံသွင်းခံရမယ့် အရေးကနေ တစ်ပါးသြဇာခံမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေကြရပြီလည်း ဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံနဲ့ ယူဂိုဆလားဗီးယားတို့လို အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားတဲ့ နိုင်ငံတွေ၊ ဆီးရီးယားနဲ့လစ်ဗျားလို ကျဆုံးသွားတဲ့ Fail State နိုင်ငံတွေ၊ အီရတ်နဲ့ အာဖဂန်နစ္စတန်တို့လို အဖျက်ဆီးခံလိုက်ရတဲ့နိုင်ငံတွေရဲ့ အတိတ်သမိုင်းတွေဆီကနေ သင်ခန်းစာယူစရာတွေ အများကြီး ရှိနေပါတယ်။**

ဒါကြောင့်ပဲ ယနေ့ကမ္ဘာမှာ ကိုယ့်နိုင်ငံ၊ ကိုယ့်အကျိုးစီးပွားကာကွယ်ဖို့ ကိုယ့်အင်အား ကိုယ်တည်ဆောက်ပြီး နျူလက်နက်သုံးဖို့တောင် လက်မနှေးတဲ့သူတွေ ရှိလာနေတာ ဖြစ်ပါတယ်။ အဓိကအချက်က မိမိလူ့အဖွဲ့အစည်းအတွင်းမှာ အက်ကြောင်းမရှိဖို့ပါပဲ။ နိုင်ငံတစ်ခု ဖြိုခွဲချင်ရင် အက်ကြောင်းကနေ သပ်လျှိုထိုးခွဲတတ်တဲ့ အကျင့်ဟာ အနောက်အင်အားကြီးတွေရဲ့ အကျင့်ပါပဲ။ ဒါကြောင့် မိမိတို့နိုင်ငံမှာ စည်းလုံးညီညွတ်ပြီး အင်အားခိုင်မာတောင့်တင်းဖို့ ယနေ့ကာလလောက် အရေးကြီးတာမရှိဟု ခံယူပြီး ယနေ့ ယူကရိန်းနိုင်ငံလို မိမိနိုင်ငံမှာလည်း (proxy war) ကိုယ်စားပြုစစ်ပွဲအဖြစ် ဖန်တီးခြင်းမခံရအောင်၊ သပ်လျှိုဖြိုခွဲမခံရလေအောင် သတိထားကာကွယ်စောင့်ရှောက်ကြရမှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကမ္ဘာပေါ်မှာ အမြော်အမြင်နည်းလွန်းလှတဲ့၊ ဆင်ခြင်တုံတရားမဲ့ ခေါင်းဆောင်တချို့လည်း ရှိနေဆဲဖြစ်တာကြောင့် ကမ္ဘာကြီး နျူကလီးယားချောက်ကမ်းပါးဝ မရောက်အောင်၊ ကမ္ဘာကြီး ယခုထက်ပိုပြီး ငြိမ်းချမ်းသာယာအောင် ယခုထက်ပိုပြီး ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြဖို့သာ ရှိပါတော့တယ်...။ ။

■

# ပုသိမ်မြို့၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

ပုသိမ် ဇူလိုင် ၄

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**သီဆိုဖျော်ဖြေ**

ဦးစွာ ပုသိမ်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ၂၀၀၅၉ ဦး ဖြေဆို၍ အောင်မြင်သူ ၁၃၆၃၀ ဖြင့် အောင်ချက် ၆၇ ဒသမ ၉၅ ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း၊ ခြောက်ဘာသာဂုဏ်ထူး ၂၂ ဦး၊ ငါးဘာသာဂုဏ်ထူး ၅၃ ဦး၊ လေးဘာသာဂုဏ်ထူး ၁၇၉ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၃၆၅ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၆၅၃ ဦး၊ တစ်ဘာသာဂုဏ်ထူး ၃၀၈၆ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၆၃၅၈ ဦး ပေါ်ထွက်ခဲ့ပါကြောင်း။

ဝိဇ္ဇာဘာသာတွဲ တစ်နိုင်ငံလုံး အဆင့် (၁)၊ အဆင့် (၄)နှင့် အဆင့်(၉)၊ ဝိပ္ပံဘာသာတွဲတွင် တစ်နိုင်ငံလုံး အဆင့် (၂)၊ အဆင့်(၃)နှင့် အဆင့်(၁၀) ရရှိပြီး စုစုပေါင်း ခြောက်ဦး ရရှိခဲ့ပါကြောင်း။

ယခုကဲ့သို့ ဆုများရရှိခဲ့ပြီး အောင်ချက်များ တိုးတက်မြင့်မားလာခြင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်း၊ ခရိုင်၊ မြို့နယ်




ပညာရေးမှူးများ၏ အနီးကပ်ကြီးကြပ်မှုနှင့် ကျောင်းအုပ်ကြီးများအပါအဝင် ဆရာ ဆရာများ၊ ကျောင်းသား ကျောင်းသူများအားလုံး တက်ညီလက်ညီ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် အောင်မြင်မှုများစွာ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 စာမေးပွဲ၌ အောင်ချက်အကောင်းဆုံးဖြစ်အောင် ကြိုးစားအားထုတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်၊ အထက်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ အထက်တန်းကျောင်း(တောက်တဲ့ရိုး)နှင့် ဘာသာရပ်သင် ဆရာ ဆရာမများနှင့် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူဦးရေ ၁၀ ဦးမှ ၂၉ ဦးအတွင်း ၁၀၀ ရာခိုင်နှုန်းပြည့် ဖြေဆိုအောင်မြင်သော ကျောင်းများအားလည်းကောင်း၊ ဝိဇ္ဇာဘာသာတွဲတွင် တစ်နိုင်ငံလုံး အဆင့်(၁)နှင့် တိုင်းဒေသကြီးအဆင့်(၁)၊ ခြောက်ဘာသာဂုဏ်ထူးရှင် ဝိပ္ပံဘာသာတွဲ၌ တစ်နိုင်ငံလုံး အဆင့်(၂)နှင့် တိုင်းဒေသကြီး အဆင့်(၁)၊ ငါးဘာသာဂုဏ်ထူးရှင် ဝိပ္ပံဘာသာတွဲ၌ တစ်နိုင်ငံလုံး အဆင့်(၃) နှင့် တိုင်းဒေသကြီး အဆင့်(၂) လေးဘာသာဂုဏ်ထူးရှင် သိပ္ပံဘာသာတွဲတွင် တိုင်းဒေသကြီး အဆင့်(၁ )၊ ခြောက်ဘာသာ ဂုဏ်ထူးရှင် သိပ္ပံဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့်(၂ )၊ ခြောက်ဘာသာဂုဏ်ထူးရှင် သိပ္ပံဘာသာတွဲတွင် တိုင်းဒေသကြီး အဆင့်(၃)၊ ငါးဘာသာဂုဏ်ထူးရှင်များအား ဆုများပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ဝိဇ္ဇာဘာသာတွဲတွင် တစ်နိုင်ငံလုံး အဆင့်(၄)နှင့် တိုင်းဒေသကြီးအဆင့်(၂)၊ ငါးဘာသာဂုဏ်ထူးရှင် ဝိဇ္ဇာဘာသာတွဲတွင် တစ်နိုင်ငံလုံးအဆင့်(၉)နှင့် တိုင်းဒေသကြီးအဆင့်(၃)၊ ငါးဘာသာဂုဏ်ထူးရှင် ဝိပ္ပံဘာသာတွဲတွင် တစ်နိုင်ငံလုံးအဆင့်(၁၀)နှင့် တိုင်းဒေသကြီးအဆင့်(၃)၊ ငါးဘာသာဂုဏ်ထူးရှင် သိပ္ပံဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့်(၄)၊ ခြောက်ဘာသာဂုဏ်ထူးရှင် သိပ္ပံဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့်(၅)၊ ခြောက်ဘာသာ ဂုဏ်ထူးရှင်များအား ဆုများပေးအပ်ချီးမြှင့်သည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းမှူး၏ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက"ဇာတိမာန်"သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ဂုဏ်ပြုငွေကျပ် ၁၃၃၅ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ်နှင့်Jeonbuk National University တို့ ပူးပေါင်းသော (၄)ကြိမ်မြောက် သုတေသနညီလာခံ ကျင်းပ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်နှင့် Jeonbuk National University တို့ ပူးပေါင်းကျင်းပသည့် (၄)ကြိမ်မြောက် သုတေသနညီလာခံ ကျင်းပခြင်းအခမ်းအနားကို ယမန်နေ့တွင် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားကို အွန်လိုင်းဗီဒီယိုစနစ်ဖြင့် ပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ Jeonbuk National University တက္ကသိုလ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ Ju Ho Jong က အဖွင့်အမှာစကား ပြောကြားခြင်းနှင့် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က ဒဂုံတက္ကသိုလ်နှင့် Jeonbuk National University တို့သည် MoU လက်မှတ်ရေးထိုးခဲ့ပြီး တက္ကသိုလ်နှစ်ခုကြား ပညာရပ်ဆိုင်ရာ သုတေသနနှီးနှောဖလှယ်ပွဲများနှင့် ညီလာခံများ၊ သုတေသနအဖြစ် စာတမ်းဖတ်ပွဲများ၊ သုတေသနဆောင်ရွက်ခဲ့မှုများနှင့် နှစ်နိုင်ငံ ကျောင်းသား ကျောင်းသူများ နိုင်ငံတကာ အတွေ့အကြုံများအပေါ် အသိပညာဖဟုသုတလဲလှယ်ရေး အစီအစဉ်များ ဆောင်ရွက်မှု၊ ယခုစတုတ္ထနှစ် ပရောဂျက်ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

**အဓိကဟောပြော**

ဆက်လက်၍ MASS ၏ CEC အဖွဲ့ဝင်ဖြစ်သော ဟင်္သာတ တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)ဒေါက်တာဦးဝင်းက ကြည်နူးဖွယ်စကားများကို အဓိကဟောပြောခဲ့ပြီး ဒဂုံတက္ကသိုလ်မှ ရက္ခဗေဒပါမောက္ခ ဒေါက်တာတင်မိုးအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒဂုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က Jeonbuk National




University ဒုတိယဥက္ကဋ္ဌ ပါမောက္ခ Ju HoJong ထံ အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာသည့် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်၊ ကိုရီးယားသမ္မတနိုင်ငံ Jeonbuk National University မှ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ Ju Ho Jong၊ ဟင်္သာတတက္ကသိုလ်မှ ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာဦးဝင်း၊ ဒဂုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ ရုပဗေဒပါမောက္ခ ဒေါက်တာတင်မိုးအေးနှင့် ဌာနမှူး ဆရာ ဆရာမများ၊ ရုပဗေဒမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

**သင်ခန်းစာပို့ချ**

ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၁) သို့ ဇူလိုင် ၄ ရက်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာ သွားရောက်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် ဆရာ ဆရာမများ စုစုပေါင်း သင်တန်းသားဦးရေ ၄၈၈ ဦး တက်ရောက်ကြပြီး တက်ရောက်လာသော သင်တန်းသားများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ကြိုတင်ပြင်ဆင်ထားရှိမှုများ သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပမည့် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်ပြင်ဆင်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့သို့ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ကြည်နှင့် တာဝန်ရှိသူများက အရေးကြီးပုဂ္ဂိုလ်များနားနေခန်းပြင်ဆင်ထားရှိမှု၊ မိသားစုတွေ့ဆုံခန်းမတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ မိသားစုဝင်များကို နိုင်ငံတော်အကြီးအကဲမှ တွေ့ဆုံမည့်နေရာ ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က အာဇာနည်ဗိမာန်သို့ သွားရာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဘေးဝဲယာ သန့်ရှင်းသပ်ရပ်မှုရှိရေး ဆောင်ရွက်ရန် မှာကြားကာ ဗိမာန်တွင် လွမ်းသူပန်းခွေချအလေးပြုအခမ်းအနားနှင့် နေရာယူမှုပုံစံ ကြိုတင်လေ့ကျင့်နေမှု၊ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို လာရောက်ဂါရဝပြုမည့် ပြည်သူများ ဝင်ထွက်သွားလာမည့် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်နှင့် M-3 ရှေ့ဂိတ်တွင် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ လက်ဆေးဘေစင်များနှင့် စစ်ဆေးရေးဂိတ်များ ပြင်ဆင်ထားရှိမှုများကြည့်ရှုစစ်ဆေးပြီး အာဇာနည်ဗိမာန်ပေါ်နှင့် အာဇာနည်ကုန်းအတွင်းရှိ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်နောက်ဆုံးစီးခဲ့သည့် မော်တော်ကား ပြသထားရှိမှု၊ ပြတိုက်ပတ်လမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိရေးဆောင်ရွက်ထားရှိမှုများ၊ ရေကန်အတွင်းမှ အမှိုက်များဆယ်ယူရှင်းလင်းထားရှိမှု၊ အပေါ်ထပ်ပြတိုက်အတွင်း ငယ်ဘဝမှ တပ်မတော်ခေါင်းဆောင်၊ နိုင်ငံခေါင်းဆောင်ဘဝအထိ ပြသထားရှိမှု၊ ဆက်လက်၍ အပေါ်ထပ်ရှိ အိပ်ခန်း၊ စာဖတ်ခန်း၊ မိသားစုဓာတ်ပုံများ၊ ကလေးများအိပ်ခန်းနှင့် ပြတိုက်အတွင်း ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူနေမှုလုပ်ငန်းများ ဆောင်ရွက်



လွိုင်ကော် ဇူလိုင် ၄

ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပတ်ထုတ်ပေးခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်မိသားစုဝင်များအား ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)များ ကောက်ယူဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ ပိုမိုလွယ်ကူလျင်မြန်လာစေရန် ပြည်နယ်အတွင်း နေထိုင်သူများကို စိစစ်နိုင်သည့် တစ်ခုတည်းသော နံပတ် Unique ID ထုတ်ပေးရန်၊ အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတွင် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်သည့် အခြေခံစနစ်ကို တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

ပုသိမ် ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်း ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်များ ငှားရမ်းပေးခြင်းကို အခြေခံပညာအထက်တန်းကျောင်းများတွင် သွားရောက်ငှားရမ်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ငှားရမ်းရာတွင် ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်များအား ပုသိမ်မြို့နယ်အတွင်းရှိ အထက(၆)၊ အထက(၇)၊ အထက(၁၀)နှင့် သာပေါင်း(အထက)၊ ငပုတော (အထက)၊ ရေကြည်(မြို့မအထက)နှင့် ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်(အထက) တို့တွင် သွားရောက်ငှားရမ်းပေးခဲ့ပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို နှစ်ပတ်လျှင်တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# လှည်းကူးမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေး၊ ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း မိတ်ဆက်ရှင်းလင်း

လှည်းကူး ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ရဲမွန်ကျေးရွာတွင် ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း မိတ်ဆက်ရှင်းလင်းခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောဘသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝါဝါအုန်း၊ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်တို့က စီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းကာ ဒေသနေပြည်သူများ၏ မေးမြန်းချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# ပုသိမ်မြို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိ

ပုသိမ် ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် လမ်းဘေးဝဲယာမြက်များရှင်းလင်းခြင်းလုပ်ငန်းများကို ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးဦးဇော်သက်နှင့် SAE ဒေါ်ဖြူဖြူသန်းတို့က ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် အောင်ချမ်းသာရပ်ကွက်၌ ဆောင်ရွက်ခဲ့သည်။

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ချောင်းမကြီး လေးခုနှင့် ပင်မရေနုတ်မြောင်း ၃၂ ခုအား စက်အင်အားဖြင့် ပေ ၃၁၉၂၀၊ လုပ်သားအင်အားဖြင့် ပေ ၄၄၈၄၀ စုစုပေါင်းပေ ၇၆၇၆၀ တူးဖော်ရန်လျာထား၍ အဓိကချောင်းမကြီးများနှင့် ပင်မရေနုတ်မြောင်းများအား တူးဖော်ဆောင်ရွက်လျက်ရှိရာ ဈေးချောင်းချောင်း၊ ဝဲဒေါင့်ချောင်းနှင့် ကွမ်းခြံချောင်း အစရှိသည့် ချောင်းမကြီး သုံးခုနှင့် ပင်မရေနုတ်မြောင်း ၁၉ ခု စုစုပေါင်း ၂၂ ခုအား စက်အင်အားဖြင့် ပေ ၂၁၀၇၀၊ လုပ်သားအင်အားဖြင့် ပေ ၃၁၁၇၀ စုစုပေါင်းအရှည်ပေ ၅၂၂၄၀ တူးဖော်ဆောင်ရွက်ခဲ့ပြီး တူးဖော်ရန် ကျန်ရှိသည့် ချောင်းနှင့် ပင်မရေနုတ်မြောင်းများအား ဆက်လက်တူးဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေချိုတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# မြှင့်တင်စေချင် အမျိုးသမီးဂုဏ်အင်

## ခိုင်ယဉ်မွန်သန့်

လူမှုဝန်းကျင်တွင် တန်ဖိုးထားရမည့် ဓလေ့ထုံးတမ်းအစဉ်အလာများ များစွာရှိသည်။ တန်ဖိုးထားရမှန်းသိသော လူမျိုးသည် ကြီးပွားတိုးတက်၍ တန်ဖိုးမသိသော လူမျိုးတို့မှာ နိမ့်ပါးပျက်စီးရတတ်သည်။ လူ့ဝတ္တရား၌မရှိသောအရာကို ကြိုးစားရှာဖွေရသလို ရှိပြီးသားအရာများကိုလည်း တန်ဖိုးထားတတ်ရန်လိုသည်။ ကျွန်မတို့တိုင်းပြည်သည် လူ့အခွင့်အရေးကို ရှေးဦးသမိုင်းကတည်းက လေးစားလိုက်နာခဲ့သည့် တိုင်းပြည်ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးကို လေးစားတန်ဖိုးထားသည့် တိုင်းပြည်လည်းဖြစ်သည်။ အမျိုးသမီးများ၏ အခွင့်အရေးများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကျား၊ မ တန်းတူအခွင့်အရေး စသည့်အခွင့်အရေးများ အပြည့်အဝခံစားရရှိစေနိုင်ရန်နှင့် အမျိုးသမီးများ၏ဘဝများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးရန် လိုအပ်သည်။




၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နယ်ပယ်အသီးသီး၌ အမျိုးသမီးပါဝင်နိုင်မှု ပမာဏ ပိုမိုတိုးတက်လာအောင်လည်း ဦးစားပေးဆောင်ရွက်သင့်သည်။ ယနေ့ကမ္ဘာတွင် နိုင်ငံကို အုပ်ချုပ်ခေါင်းဆောင်မှုပြုနိုင်သော အမျိုးသမီးသမ္မတများ၊ ဝန်ကြီးချုပ်များ၊ အတိုင်ပင်ခံများလည်း ရှိပါသည်။ အုပ်ချုပ်မှုကဏ္ဍအပြင် အခြားသော စီးပွားရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်များတွင်လည်း အမျိုးသမီးအသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

### နိုင်ငံတကာပညာတော်သင်များအဖြစ် ပြုစုပျိုးထောင်ခဲ့

မြန်မာ့သမိုင်းကို လေ့လာကြည့်လျှင်လည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင်ပင် ပညာရပ်နယ်ပယ်စုံမှ အမျိုးသမီးပညာရှင်များကို နိုင်ငံတကာပညာတော်သင်များအဖြစ် ပြုစုပျိုးထောင်ခဲ့သည်ကို တွေ့နိုင်သည်။ ထိုအကျိုးဆက်ကြောင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ရာထူးနေရာကြီးများတွင် တာဝန်ယူခဲ့သူ ပညာရှင်အမျိုးသမီးများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထိုကာလတွင် ထူးခြားသည့်ဆောင်ရွက်မှုများအနေဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်တွင် အမျိုးသမီးသီးသန့်ယာဉ်များ စီစဉ်ပေးခြင်းမျိုး ဆောင်ရွက်ခဲ့သလို အလုပ်အကိုင်အခွင့်အလမ်းများ အနေဖြင့်လည်း စီမံခန့်ခွဲမှုအလွှာမှစ၍ စက်ရုံဝန်ထမ်းများ၊ အလုပ်ရုံဝန်ထမ်းများ၊ အရောင်းဆိုင်ဝန်ထမ်းများ၊ အမျိုးသမီးယာဉ်နောက်လိုက်များအထိ အလုပ်အကိုင်များ ဖန်တီးပေးသည်ကို သမိုင်းမှတ်တမ်းများတွင် အလွယ်တကူလေ့လာတွေ့ရှိနိုင်သည်။ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့သည် အမျိုးသားရေးလှုပ်ရှားမှုများတွင်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ဖွဲ့စိတ်သန်စွာ တိုင်းပြည်ချစ်စိတ်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယုံမှားဖွယ်ရာမရှိသောကြောင့် မြန်မာအမျိုးသားတို့ကို အုတ်တစ်ချပ်ဟုဆိုလျှင် မြန်မာအမျိုးသမီးတို့ကို သဲတစ်ပွင့်အဖြစ် တင်စားနိုင်သည်။

### လူအိုရုံစတင်ထူထောင်သူ

မြန်မာနိုင်ငံတွင် လူအိုရုံ (ယခုဘိုးဘွားရိပ်သာ)ကို စတင်ထူထောင်သူမှာလည်း ဒေါ်ဦးဖွန်းဟူသည့် သူတော်ကောင်း မြန်မာအမျိုးသမီးကြီးပင်ဖြစ်သည်။ ၁၉၁၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး မင်းကွန်းလူအိုရုံကို စတင်တည်ထောင်ခဲ့ပြီး မြန်မာပြည်အတွင်း များစွာသောလူအိုရုံများ တည်ထောင်နိုင်မှုကြောင့် အင်္ဂလိပ်အစိုးရက ဒေါ်ဦးဖွန်းကို အသိအမှတ်ပြုသည့်အနေဖြင့် တိုင်းကျိုးပြည်ကျိုး အကျိုးဆောင်ဘွဲ့ (T.P.S) ကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် လေလွင့်နေရသည့် လမ်းပေါ်နေကလေးသူငယ်များကိုစုစည်း၍ မိဘမဲ့ဂေဟာကို စတင်ထူထောင်သူမှာလည်း မြန်မာ့လူမှုရေးမိခင် ဒေါ်တီတီလုစ်ဟုအမည်တွင်သည့် အမျိုးသမီးဖြစ်သည်။ နိုင်ငံတော်က ချီးမြှင့်သည့် သူရဘွဲ့ရရှိသူ သူရမချစ်ပိုမှာလည်း သူရသတ္တိနှင့်ပြည့်စုံသည့် အမျိုးသမီးအဖြစ် ယနေ့တိုင် ကမ္ပည်းတွင်ဆဲဖြစ်သည်။

ထို့အတူ ဖန်တီးမှုအနုပညာကဏ္ဍတွင်လည်း မြန်မာအမျိုးသမီးများ ထူးချွန်စွာရပ်တည်နိုင်ခဲ့သည်။ မြန်မာစာပေလောကတွင် ခေတ်အဆက်ဆက် ရောင်းအားအကောင်းဆုံးစာရင်း၌ မြန်မာအမျိုးသမီး စာရေးဆရာများ ပါဝင်နေဆဲဖြစ်သလို ဂီတအနုပညာနယ်ပယ်တွင်လည်း အမျိုးသမီးတေးသံရှင်များ ထိပ်တန်းစာရင်းမှ နေရာယူထားနိုင်သည်။ မြန်မာ့ရိုးရာ သဘင်ပညာဖြစ်သည့် အငြိမ့်ခန်းတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို အထူးအလေးပေးထားကြောင်း မြင်တွေ့ရမည်ဖြစ်သည်။ အငြိမ့်အဖွဲ့တွင် အမျိုးသမီးဖြစ်သည့် မင်းသမီးက ဦးဆောင်သူဖြစ်၍ အမျိုးသားလူရွှင်တော်များက ဝန်းရံရသည်ကို တွေ့နိုင်သည်။

မြန်မာအမျိုးသမီးများသည် စီးပွားရေးကဏ္ဍတွင် ကိုယ်ပိုင်အမည်တပ်၍ ဦးဆောင်ပိုင်ခွင့်ရှိသည်။ ဥပမာ မြင့်မြင့်ခင်ထိုးမုန့်၊ အရီးတောင်းလက်ဖက်၊ နဂါးဒေါ်ဦးဆေးလိပ်ခုံ၊ ကျားပျံမကောက်ဆေးပေါ့လိပ်၊ စံပြဒေါ်ကြည် မုန့်ဟင်းခါး၊ ဓနုဖြူဒေါ်စောရီ မြန်မာထမင်းဆိုင် စသည့် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်တို့၏ လုပ်ငန်းများမှာ တိုင်းသိပြည်သိပင်ဖြစ်သည်။ နည်းပညာ ထွန်းကားလာသည့် ယနေ့အချိန်အခါတွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်း၍ အမျိုးသမီးလေယာဉ်မှူးများလည်း ပေါ်ထွက်လာနေပြီဖြစ်သည်။

### မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အသစ်ပြန်လည်ဖွဲ့စည်း

ကျွန်မတို့နည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ သမိုင်းများ၊ ဓလေ့ထုံးတမ်းများကို လေ့လာကြည့်ပါက အမျိုးသမီးအခွင့်အရေးများ ထည့်သွင်းထားသည်ကို တွေ့နိုင်သည်။ သို့သော် မြန်မာအမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ခံနေရခြင်းများရှိနေသည်။ မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီး ညီလာခံသို့တက်ရောက်ခဲ့ပြီး ညီလာခံကချမှတ်ခဲ့သည့် ပေကျင်းကြေညာစာတမ်းအရ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee for Women's Affairs–MNCWA)ကို ဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ အဆိုပါကော်မတီအား မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖြစ် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။

### တက်ကြွစွာဆောင်ရွက်လျက်

မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on Elimination of all forms of Discrimination Against Women–CEDAW) ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Millennium Development Goals – MDGs)၊ ပေကျင်းလုပ်ငန်းစီမံချက်များ (Beijing Platform For Action–BPFA)နှင့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (International Conference on Population and Development–ICDP) အပါအဝင် အမျိုးသမီးများဘဝတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်မူဝါဒများကို အကောင်အထည်ဖော်ရာတွင်လည်း တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးများအား ခွဲခြားဖိနှိပ်မှု (Discrimi–nation)ဆိုသည့် အဓိပ္ပာယ်ကို အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုပပျောက်ရေး သဘောတူစာချုပ်(CEDAW)၏ အပိုဒ် (၁) တွင် အမျိုးသမီးများ၏ အိမ်ထောင်ရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှုအပေါ် အခြေခံ၍ လူ့အခွင့်အရေးများနှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ သို့မဟုတ် အခြားနယ်ပယ်တို့တွင် အမျိုးသမီးများအား အသိအမှတ်ပြုခြင်း၊ အမျိုးသမီးများခံစားခွင့် သို့မဟုတ် ကျင့်သုံးပိုင်ခွင့်ရှိခြင်းတို့ကို လိင်အပေါ် အခြေခံ၍ ယိုယွင်းစေရန် သို့မဟုတ် ပျက်သုဉ်းစေရန် ရည်ရွယ်ချက်ရှိသည့် မည်သည့်ခွဲခြားခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကိုမဆို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ထို့အတူ မြန်မာနိုင်ငံ၏ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများအတွက် ပုဒ်မ ၃၅၀ တွင် အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၅၁ တွင် မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၅၂ တွင် နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်ရာတွင် အမျိုးသား၊ အမျိုးသမီးများကို ခွဲခြားမှု မပြုရဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

စာမျက်နှာ ၁၁ သို့ ☆

**“အမျိုးသမီးများသည် တူညီသောအဟန့်အတားများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြသည်။ ၎င်းအဟန့်အတားများမှာ သတင်းအချက်အလက်များ လက်လှမ်းမီရယူပိုင်ခွင့်ကို မြှင့်တင်ပေးရန်အတွက် လိုအပ်သည့်အဖွဲ့အစည်းဆိုင်ရာ ကူညီပံ့ပိုးမှုများအားနည်းနေခြင်းနှင့် နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိပြီး ဖြေရှင်းခြင်းမပြုနိုင်သေးသည့် ကျား/မ ဆိုင်ရာယဉ်ကျေးမှုစံနှုန်းများ စသည်တို့ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် နည်းပညာသိရှိနားလည်ခြင်း၊ သုံးစွဲခြင်းဖြင့် လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို ပိုမိုဖွံ့ဖြိုးသောနည်းလမ်းများစွာဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ ပိုမိုအထောက်အကူပြုနိုင်မည်”**

☆ စာမျက်နှာ ၁၀ မှ

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (Sustainable Development Goals) ၁၇ ရပ်အနက် ပန်းတိုင် ၅ တွင် ကျား/မ တန်းတူရရှိရေးနှင့် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြှင့်ရေး (Goal 5– Achieve gender equality and empower all women and girls) ဟူသော အချက်အရ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊စီးပွားရေးစသည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အမျိုးသမီးဖြစ်ခြင်းအပေါ်မူတည်ပြီး ခွဲခြားဆက်ဆံရခြင်းများ၊ အမျိုးသမီးနှင့်ပတ်သက်သည့် အခွင့်အလမ်းရပိုင်ခွင့်များကို လုပ်ဆောင်ပေးသည်။ ထိုအထဲမှ မသန်စွမ်းအမျိုးသမီးများက ပိုမို၍ ခွဲခြားဆက်ဆံခံရခြင်းများကြောင့် မသန်စွမ်းအမျိုးသမီး အခွင့်အရေးများ တန်းတူရရှိနိုင်အောင်ရည်ရွယ်ပြီး မသန်စွမ်းအမျိုးသမီးများ အခွင့်အရေးများဆိုင်ရာကော်မတီကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ထပ်မံဖွဲ့စည်းခဲ့သည်။

ကျား/မ အကြား အခွင့်အရေးဆိုင်ရာမညီမျှမှုများက ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးများ၏ ဘဝအခြေအနေကို မီးမောင်းထိုးပြလျက်ရှိသည်။ အဆိုပါမညီမျှမှုများက အမျိုးသမီးများ၏ ပွင့်လင်းမြင်သာသည့် နည်းပညာဖြင့် သတင်းအချက်အလက် လက်လှမ်းမီရယူပိုင်ခွင့်များအပေါ် သက်ရောက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ အမျိုးသမီးများသည် တူညီသောအဟန့်အတားများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြသည်။ ၎င်းအဟန့်အတားများမှာ သတင်းအချက်အလက်များ လက်လှမ်းမီရယူပိုင်ခွင့်ကို မြှင့်တင်ပေးရန်အတွက် လိုအပ်သည့် အဖွဲ့အစည်းဆိုင်ရာ ကူညီပံ့ပိုးမှုများ အားနည်းနေခြင်းနှင့် နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိပြီး ဖြေရှင်းခြင်းမပြုနိုင်သေးသည့် ကျား/မ ဆိုင်ရာယဉ်ကျေးမှု စံနှုန်းများစသည်တို့ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် နည်းပညာသိရှိနားလည်ခြင်း၊ သုံးစွဲခြင်းဖြင့် လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို ပိုမိုဖွံ့ဖြိုးသော နည်းလမ်းများစွာဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာလည်း "ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့" ဟူ၍ဖြစ်သည်။

### အမျိုးသမီးများ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ

မြန်မာနိုင်ငံသည်လည်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) ကို ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံဖြစ်သောကြောင့် ယင်းစာချုပ်နှင့် လိုက်လျောညီထွေမှုရှိပြီး ပိုမိုကျယ်ပြန့်ထိရောက်မှုရှိစေမည့် ပြည်တွင်းဥပဒေတစ်ရပ်ဖြစ်သည့် အမျိုးသမီးများ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကို ရေးဆွဲလျက်ရှိရာ ဆောလျင်စွာ အတည်ပြုနိုင်ရေးများစွာလိုအပ်လှသည်။

အမျိုးသမီးများသည် ပင်ကိုအားဖြင့် ထိခိုက်လွယ်သောအုပ်စု (vulnerable group) တွင် ပါဝင်ကြပြီး အများအားဖြင့် အားနွဲ့သူ၊ အားနည်းသူများဟု ထင်မြင်ကြသောကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ အန္တရာယ်ရှိသော ရိုးရာအလေ့အထများ၊ လူကုန်ကူးခံရမှု စသည့်ပုံစံမျိုးစုံဖြင့် အကြမ်းဖက်ခြင်းခံကြရသည်။ အထူးသဖြင့် ကျောင်း၊ လုပ်ငန်းခွင်၊ အများပြည်သူဆိုင်ရာ နေရာများ၊ စစ်ဘေးရှောင်စခန်းများ၊ ဒုက္ခသည်စခန်းများ၊ မိမိနေအိမ်(အိမ်တွင်းအကြမ်းဖက်မှု)များနှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် စသည်ဖြင့် နေရာမျိုးစုံတွင် အကြမ်းဖက်ခံရခြင်းများ တွေ့ရသည်။ အမျိုးသမီးများကို ခွဲခြားမှုပြုခြင်းမခံရဘဲ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားကြရန်မှာ မြန်မာတစ်မျိုးသားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။

ယနေ့ခေတ် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်က မြန်မာအမျိုးသမီးများ၏ ထွန်းပြောင်ခဲ့သည့် သမိုင်းအစဉ်အလာကို ဂုဏ်ယူလက်ဆင့်ကမ်းကာ ရှိနှင့်ပြီးသားတန်ဖိုးများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားကြရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာပြီး ၎င်းတို့၏ အခွင့်အရေးရပိုင်ခွင့်များကို အပြည့်အဝခံစားရရှိနိုင်စေရန်နှင့် အမျိုးသမီးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြု နားလည်လက်ခံနိုင်စေမည့် လူ့ဘောင်တစ်ရပ် ပေါ်ထွန်းလာစေရန် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

■

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄–၅–၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၀၅၀<br>၀၉–၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၀၄၈<br>၀၉–၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၃၁၆<br>၀၉–၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၄

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းသိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ် တာဝန်ပေးအပ်ထား ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိ နေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးလှူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဂုံးချိန်ဘုန်းတော်ကြီး ကျောင်းရှိ ဆရာတော် ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှုများကို သွားရောက်ကြည့်ရှုပြီး ရေသန့်ဘူးများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းကာ အားပေးစကားများပြောကြားခဲ့သည်။



အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ချောင်းကျေးရွာ အုပ်စု အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင် ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား (ဒုတိယ)အကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ကာ အားပေးစကားများပြောကြားပြီး ကျန်းမာရေး စောင့်ရှောက်နေမှုများအား သွားရောက်ကြည့်ရှုခဲ့သည်။ ထို့ပြင် မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးသွားသည့် စာသင်ကျောင်းဆောင်များ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက်ကြည့်ရှုပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့အတူ မတူပီမြို့၌ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နယ်မြေခံတပ်နယ်ခန်းမ၌ လေဘေးသင့်ပြည်သူများထံ အဝတ်အထည်မျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့မပရိယတ္တိ ဘုန်းတော်ကြီးကျောင်း၊ ရွှေတောင်တန်းဘုန်းတော်ကြီးကျောင်းနှင့် ခေမာရာမပရဟိတဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကန်တော့ပြီး သံဃာတော်များအတွက် သင်္ကန်းစုံများ၊ စားသောက်ကုန်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးခဲ့သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သာသနာ့ဗိမာန်တော်ကြီးတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကာ မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ခဲ့သော ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဇူလိုင် ၄

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်ကကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ လှမချေကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး မြို့မဘုန်းတော်ကြီးကျောင်း၊ ရွှေတောင်တန်းဘုန်းတော်ကြီးကျောင်း၊ ပညာပါရမီဘုန်းတော်ကြီးကျောင်းတို့ အား သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန် ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဂုံးချိန်ရပ်ကွက်ရှိ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေသန့်ဘူးနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဘူးသီးတောင်မြို့အတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့် ဆေးကုသရေးအဖွဲ့က အလယ်ချောင်းကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေ




နေပြည်တော် ဇူလိုင် ၄

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည် စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည် စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည် စစ်သမီးများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဝင်နိုင်ငံများအကြား ဆက်ဆံရေးမြှင့်တင်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင် တိုက်တွန်း




ပေကျင်း ဇူလိုင် ၄

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဝင် နိုင်ငံများအကြား အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ရန်နှင့် နိုင်ငံသားများအကြား ဆက်ဆံရေး တိုးမြှင့်သွားရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က တိုက်တွန်းခဲ့သည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများအကြား ညီညွတ်မှုနှင့် အပြန်အလှန် ယုံကြည်မှုမြှင့်တင်ရန် ၎င်းက မှတ်ချက်ပြုသည်။

၎င်းအဖွဲ့အစည်းအဝေးအား အွန်လိုင်းမှ တက်ရောက်စဉ် ရှီက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ မတူကွဲပြားသည့် ယဉ်ကျေးမှုများအကြား ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဝင် နိုင်ငံများအကြား ပြင်းပြသည့်ဆန္ဒပင်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

တရုတ်နိုင်ငံသည် မတူညီသည့်ယဉ်ကျေးမှုများအကြား အတူလက်တွဲရန်နှင့် နိုင်ငံများအကြား အပြန်အလှန်နားလည်မှု မြှင့်တင်ရေး အကောင်အထည်ဖော်ခြင်းကို ကြိုဆိုကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ



# အင်ဒိုနီးရှားသမ္မတနှင့် ဩစတြေးလျဝန်ကြီးချုပ်တို့ လုံခြုံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေး

ဆစ်ဒနီ ဇူလိုင် ၄

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် အန်သိုနီအယ်ဘာနိစ်တို့သည် ဇူလိုင် ၄ ရက်တွင် ဆစ်ဒနီမြို့၌ တွေ့ဆုံခဲ့သည့် အစည်းအဝေးတွင် စီးပွားရေးနှင့် လုံခြုံရေးအပါအဝင် နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် အန်သိုနီအယ်ဘာနိစ်တို့သည် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးကိစ္စများအပါအဝင် အင်ဒို-ပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်း ကတိကဝတ်ပြုခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် လျှပ်စစ်ကားဘက်ထရီများ ပူးတွဲထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍လည်း ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်ဆက်ဆံရေးကို တည်ဆောက်သင့်ကြောင်းလည်း အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အလင်းသစ်

# ဖိလစ်ပိုင်နိုင်ငံ၌ တီဘီရောဂါတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်

မနီလာ ဇူလိုင် ၄

ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအတွင်းတီဘီရောဂါတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး တက်ဒေါ်ရို ဟာဗိုဆာက ယနေ့ ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း လက်ရှိအချိန်တွင် တီဘီရောဂါဖြစ်ပွားမှုများ မြင့်တက်နေသည်။

ဖိလစ်ပိုင်နိုင်ငံဟာ ကမ္ဘာပေါ်မှာ တီဘီရောဂါဖြစ်ပွားမှုဒဏ် အခံရဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်တယ်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် မှတ်ချက်ပြုသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း တီဘီရောဂါဖြစ်ပွားမှု မြင့်တက်လာခဲ့ကြောင်းနှင့် နိုင်ငံသားတစ်သန်းခန့် တီဘီရောဂါခံစားနေရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်းရှိ ရပ်ရွာများ၊ လုပ်ငန်းခွင်များ၊ လူနေအိမ်များ၊ သက်ကြီးစောင့်ရှောက်ရေးဂေဟာများတွင် တီဘီရောဂါစစ်ဆေးကုသခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

ကမ္ဘာပေါ်တွင် လူ ၁၀ ဒသမ ၆ သန်းခန့်သည် တီဘီရောဂါခံစားနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယမန်နှစ်အတွင်းက ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် တီဘီရောဂါကြောင့် သေဆုံးသူ ၁ ဒသမ ၄ သန်းခန့်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် တီဘီရောဂါကြောင့် သေဆုံးသူဦးရေ အများဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ



# တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် ရုရှားရေတပ်ဦးစီးချုပ် တွေ့ဆုံ





ပေကျင်း ဇူလိုင် ၄

တရုတ်နှင့် ရုရှားနှစ်နိုင်ငံအကြား ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် တရုတ်ကာကွယ်ရေးဝန်ကြီး လီရှန်ဖူးသည် ရုရှားရေတပ်ဦးစီးချုပ် နီကိုလိုင်ရက်ဗ်မီနေ့ဗ်နှင့် ပေကျင်းမြို့တွင် ဇူလိုင် ၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

မိမိတို့ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများ ချမှတ်ထားကြောင်း လီက မှတ်ချက်ပြုသည်။ တရုတ်-ရုရှား တပ်မတော်များအကြား ဆက်ဆံရေး မြှင့်တင်ရန်၊ ရေတပ်ဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ တိုးချဲ့ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ၎င်းက ထပ်လောင်းပြောကြားသည်။

ရုရှားနိုင်ငံသည်လည်း တရုတ်နိုင်ငံနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန်ဆန္ဒရှိကြောင်း နီကိုလိုင်ရက်ဗ်မီနေ့ဗ်က မှတ်ချက်ပြုသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

# တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၄၆၀၀၀၀ ကျော် ထိခိုက်ခဲ့ရ

ချုန်ဒူး ဇူလိုင် ၄

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ ယခုလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူပေါင်း ၄၆၀၀၀၀ ကျော် ထိခိုက်ခဲ့ရကြောင်း ပြည်နယ် ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုဆိုင်ရာ ကယ်ဆယ်ရေးဌာနချုပ်က ဇူလိုင် ၄ ရက်တွင် ပြောကြားသည်။

ပြည်နယ်တစ်ဝန်းတွင် ဒေသခံ ၈၅၀၀၀ ကျော်အား ကြိုတင်ကာကွယ်မှုအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။ လက်ရှိတွင် ဒေသန္တရအစိုးရ၏ ကြိုတင်သတိပေးမှုများနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးမှုများကြောင့် ယခုအချိန်အထိ သေဆုံးမှုမရှိသေးကြောင်း သိရသည်။

သို့ရာတွင် စီချွမ်ပြည်နယ်၌ ခရိုင် ၂၆ ခုတွင် ယခုနှစ်အတွင်း ရုတ်တရက် ရေကြီးမှုများ ကြုံတွေ့နိုင်သည့်အတွက် အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားကြောင်းလည်း သိရသည်။ တရုတ်နိုင်ငံသည် ဘူမိဗေဒဆိုင်ရာ သဘာဝဘေး အန္တရာယ်များအတွက် ရာသီဥတုဆိုင်ရာ သတိပေးချက်အဆင့် လေးဆင့် သတ်မှတ်ထားပြီး လိမ္မော်ရောင်၊ အဝါရောင်၊ အပြာရောင်နှင့် အနီရောင်တို့ဖြစ်ကြောင်းလည်း သိရသည်။

ယခုသီတင်းပတ်အတွင်း စီချွမ်ပြည်နယ်ရှိ တောင်တန်းဒေသများ၌ ရုတ်တရက်ရေကြီးမှုများ ကြုံတွေ့ရဖွယ်ရှိပြီး အချို့နေရာများ၌ မြေပြိုမှုများပင် ဖြစ်ပွားနိုင်ကြောင်း နောက်ဆုံးရ မိုးလေဝသခန့်မှန်းချက်များအရ သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် ၂၁ မိုင် ၇ ဖာလုံ၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် မုန်လာဥနီ ကီလိုဂရမ် ၉၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ တို့ဟူးခြောက် ကီလိုဂရမ် ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)၊ ထောပတ်မီးအိမ် ကီလိုဂရမ် ၄၈၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)ကို လည်းကောင်း၊ တရုတ်နိုင်ငံထုတ် မုန်လာဥနီ ကီလိုဂရမ် ၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ Novo Make Up ၁၄၄ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀)ကို လည်းကောင်း၊ ကြက်အူချောင်း ကီလိုဂရမ် ၄၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၀၀၀) ကို လည်းကောင်း၊ 'မ'ဝတ်အင်္ကျီ အထည် ၅၂၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၈၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၁၅၆၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တိုင်းရင်းဆေးဘူး ၂၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Stainless Steel Pipe ကီလိုဂရမ် ၂၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဇူလိုင် ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘုရားကြီးမြို့နယ် Famous ဆီဆိုင်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Scholl Adult Sandal ဖိနပ်အရန် ၅၅၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၉၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇူလိုင် ၂ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် New Century 12V Battery ၅၅ ခုအပါအဝင် ကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၉၀၀၀၀)၊ Yum Yum ခေါက်ဆွဲခြောက်ထုပ် ၇၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၉၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၆၃၈၈၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဓားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံPDFအကြမ်းဖက်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့်အဖွဲ့ဝင်များအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ၅-၇-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်- မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် စုစုပေါင်း ၅၆ ဒသမ ၅၄၅၃ တန် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန



သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၄ ဒသမ ၂၃၅၆ တန်၊ သစ်မာ ၈ ဒသမ ၃၅၀၅ တန်၊ အခြား ၃၃ ဒသမ ၉၅၉၂ တန် စုစုပေါင်း (၅၆ ဒသမ ၅၄၅၃)တန်၊ ယာဉ်/ ယန္တရား ၁၁ စီး၊ တရားခံ ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၇-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ မောရှ်သုတ်၊ အဋ္ဌာနာဋိယသုတ်ပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ရောက်ခဲ့လေသမျှသူ့ဒေသသူ့အလှ
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရွှေပယ်စုံလင်အားဆီယံအစီအစဉ်
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၁၄)
- ၁၃:၀၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တံကြိုးမှာမုန်တိုင်း' (အပိုင်း-၂၂)
- ၁၄:၄၅ "ပညာရေးပန်းတိုင်မှသည်အနာဂတ်နိုင်ငံတော်သစ်ဆီသို့" (အပိုင်း-၁)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၅ 'ရွှေသို့ချီမည်ပန်းတိုင်ဆီ' (အပိုင်း-၁)
- ၁၇:၂၀ သရေခေတ္တရာပျူမြို့ဟောင်းဆီသို့အလည်တစ်ခေါက်
- ၁၇:၄၀ ပလပ်စတစ်ညစ်ညမ်းမှုအန္တရာယ်အားလုံးပူးပေါင်းကာကွယ်ကြမယ်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) 'အထင်နဲ့အမြင်'
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တံကြိုးမှာမုန်တိုင်း' (အပိုင်း-၂၃)

**mitv**

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
- 07:18 Moyingyi Wildlife Sanctuary
- 07:38 Discovering Tribes: Taikhamti (or) Khamti Shan (Their Life and Customs) (Part-2)
- 08:01 News
- 08:26 Ancient Heritage In Natalin
- 08:38 Bo Cho Island, Makyonegalet
- 08:49 Myanmar Masterclass: Artist Khin Maung Zaw
- 09:01 Innovative Handiworks Based On The Art Of Line Drawing
- 09:20 Waso or the Buddhist Lent
- 09:46 Irrawaddy Dolphin (Part-2)
- 10:01 News
- 10:26 Topical Topics (No.1) A Chance for Consumer & Ways to apply Social Media
- 10:33 Myanmar Betels

**MRTV NRC**

**ချင်း (ချို) (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ရာမညမြေမှအလှတရားများ(အပိုင်း-၃)

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
တို့ဓလေ့တို့သဘာဝ

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တံငါသည်တို့ရဲ့ရုန်းကန်လှုပ်ရှားနေရတဲ့ဘဝ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၆)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ဒီဇိုင်နာဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
ချင်းရိုးရာဝက်အူအစာသွပ်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှား အားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ ရာဇဝင်ထဲကသမိုင်းအနုပညာ **သမိုင်းထဲကတစ်ကိုင်း:** (ရန်အောင်မြင်ရှင်ပင်နံ့ကိုင်းဘုရားနှင့် သားဆုပန်ခြင်းသုံးဆယ်ဘုရားသမိုင်းများ)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၀:၄၅ **ရှုးစမ်းရှာဖွေ ရှေးဟောင်းအမွေ**
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၂:၄၅ **ကမ္ဘာတစ်လွှား အနုပညာရှင်သတင်းများ**
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ-အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)
- ၀၆:၀၀ Economic review (အပိုင်း-၉)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ တောင်သူအခြေပြု သုတေသနစခန်းဆီမှ YQR-11 စပါးမျိုး၏သတင်းစကား
- ၀၇:၀၀ ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၇:၁၀ မျိုးစေ့ပြပွဲမှသည် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီ
- ၀၇:၅၀ အပင်များနှင့်ကမ္ဘာမြေချစ်သောအားဖြင့် စိမ်းလန်းစေ
- ၀၉:၁၅ စပါးအခြောက်စိုက်ခင်းများနှင့် ပေါင်းပြဿနာအဖြေရှာ
- ၀၉:၂၅ အစားထိုးစိုက်ပျိုးဝင်ငွေတိုး
- ၀၉:၄၅ သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/ Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲပဏ္ဏိုင်ရင်ဆိုင်ချိတက်'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးစွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး စွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ ဟုမ္မလင်းခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးစွမ်းအား မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်မည့် အခြေအနေများနှင့်ပတ်သက်၍ အထွေထွေဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# MSME မြှင့်တင်ရေး၊ အစားအသောက်ဘေးကင်းလုံခြုံရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်အစိုးရမှ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ ယင်းကိုအောင်မြင်စွာဆောင်ရွက်နိုင်ရေး အထောက်အကူပြုနိုင်ရန်အတွက် ပြည်သူ့စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးပါလှကြောင်း၊ MSME စားသောက်ကုန် လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဈေးကွက်အပြင် နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်နိုင်ရန် ဒေသထုတ်ကုန်များကို မြှင့်တင်ထုတ်လုပ်ရာတွင် Quality Product ဖြစ်ရေးအတွက် Food Safety Standards များနှင့် ကိုက်ညီ၍ Market Competency ရှိစွာ ထုတ်လုပ်တင်ပို့ ဖြန့်ဖြူးရောင်းချရန် လိုအပ်ပါကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက တိုက်တွန်းပြောကြားသည်။

**ထည့်သွင်းပြောကြား**

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် နေပြည်တော်နည်းပညာတက္ကသိုလ်ရှိ အစားအစာနည်းပညာစင်တာ၌ ကျင်းပသည့် အခြေခံအစားအသောက်ဘေးကင်းလုံခြုံရေး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ဒုတိယဝန်ကြီးက အစားအသောက်မှတစ်ဆင့် ဓာတုပစ္စည်းအန္တရာယ်၊ ဇီဝပစ္စည်းအန္တရာယ်နှင့် ရုပ်ဝတ္ထုပစ္စည်းအန္တရာယ်ဟူ၍ ဖြစ်ပွားနိုင်သောဘေးအန္တရာယ် သုံးမျိုးရှိပါကြောင်း၊ အစားအစာဘေးအန္တရာယ်ကြောင့် နှစ်စဉ် လူပေါင်း သန်း ၆၀၀ ခန့် နာမကျန်းဖြစ်ကြပြီး ၄၂၀၀၀၀ ခန့် အသက်ဆုံးရှုံးကြရကာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူပေါင်းသုံးသန်းခန့်သည် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို သောက်သုံးစားသုံးခြင်းဖြင့် နှစ်စဉ်အသက်ဆုံးရှုံးကြရကြောင်း သိရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ အစားအသောက် ကုန်ကြမ်းပြင်ဆင်ခြင်းမှသည် ကုန်ချောထုတ်လုပ်ခြင်း၊ သိမ်းဆည်းခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စားသုံးခြင်း စသည့်အစားအသောက်ကွင်းဆက်တစ်လျှောက်တွင် အစားအသောက်ဘေးကင်းလုံခြုံရေးအား အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် HACCP (Hazard Analysis and Critical Control Point)၊ ISO 22000 (International Standard Organization 22000) နှင့် FSC 22000 (Food Safety System Certification 22000) စသည့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များရရှိထားရန် လိုအပ်ပါကြောင်း၊ ဤသင်တန်းတွင် လေ့လာခဲ့သည်များကို လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တွင် ဆင့်ပွားဖြန့်ဖြူးကာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်နည်းပညာတက္ကသိုလ် တာဝန်ခံနှင့် သင်တန်းမှူးတို့က သင်တန်းရည်ရွယ်ချက်နှင့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လက်တွေ့သင်ကြားပေးမည့် Food Analysis Lab ၊ Food Microbiology Lab ၊ Food Chemistry Lab ၊ Physis and Engineering Lab ၊ Food Processing Lab နှင့် Food Safety Lab ခန်းများ၌ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါသင်တန်းတွင် အခြေခံအစားအသာက်ဘေးကင်းလုံခြုံရေးနှင့် Personal Hygiene လက်တွေ့ပြသခြင်း၊ အစားအသောက်ဆိုင်ရာထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများနှင့် ပြင်ဆင်ဝန်ဆောင်မှုပေးသူများ လိုက်နာဆောင်ရွက်ရမည့် အစားအသောက် ဘေးကင်းလုံခြုံရေးလမ်းညွှန်ကို ပို့ချပေးမည်ဖြစ်ပြီး MSME လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအပါအဝင် သင်တန်းသားဦးရေ ၂၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငါး/ပုစွန်ဈေးနှုန်း တည်ငြိမ်မှုအတွက် အစာတောင့်ဈေးနှုန်း အရေးပါ

**ရန်ကုန် ဇူလိုင် ၄**

ငါး/ပုစွန်များ ဈေးနှုန်းတည်ငြိမ်မှုအတွက် အစာတောင့်ဈေးနှုန်းသည် အရေးပါလျက်ရှိပြီး အစာတောင့်ဈေးနှုန်း တည်ငြိမ်ပါက စားသုံးသူတို့ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။



မိုခါမုန်တိုင်းမတိုက်ခတ်မီ ကြိုတင်သတိပေးမှုများကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ငါး/ပုစွန်မွေးကန်များ ထိခိုက်မှုမရှိခဲ့ဘဲ ငါးကန်ပိုင်ရှင်များအနေဖြင့် ငါး/ပုစွန်များကို ကြိုတင်ဖမ်းဆီးထုတ်လုပ်၍ ကြည့်မြင်တိုင်ဗဟိုစံပြ ငါးဈေးနှင့် ရွှေပိတောက်ငါးဈေးသို့ တင်ပို့ခဲ့ကြရာ ဈေးကွက်အတွင်း တစ်ပတ်ခန့် ရေထွက်ကုန်ဈေးနှုန်းကျဆင်းခဲ့၍ စားသုံးသူများဈေးနှုန်းသက်သာစွာ စားသုံးနိုင်ခဲ့ကြောင်း သိရသည်။

"ငါး/ပုစွန်မွေးမြူရေးမှာ ဖွဲနုအစာဟာ အဓိကပါ။ မိုခါမုန်တိုင်းအလွန်ကာလဆိုရင် ဖွဲနု ဝယ်လို့မရတဲ့ သဘောရှိသွားတယ်။ တစ်နိုင်ငံလုံး စပါးစိုက်ဧကနဲ့ ကြည့်လိုက်ရင် မွေးမြူနေတဲ့ငါးကန်နဲ့ ထွက်ရှိတဲ့ ဖွဲလုံလောက်မှုအနေအထားမရှိဘူးလို့ တွက်ဆပါတယ်။ ငါး/ ပုစွန်အတွက် ဖွဲနုအစား ဘာကိုအစားထိုးနိုင်မလဲဆိုတာ သုတေသနလုပ်ရမယ့်ဟာမျိုးလေးတွေရှိလာတယ်။ အစားထိုးနိုင်တာ ကိုယ့်နိုင်ငံမှာ ဘာရှိနေလဲ။ ဖွဲမပါပဲ အစာထုတ်လို့ရမယ့် နည်းလမ်းတွေ့မယ်ဆိုရင် ပိုကောင်းပါတယ်။ ငါး/ပုစွန်မွေးမြူထုတ်လုပ်သူတွေ ရေရှည်ဘယ်လိုရပ်တည်နိုင်မလဲဆိုတာ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ အမြဲတမ်းစဉ်းစား ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ရန်ကုန်မြို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးတို့မှ ရေထွက်ကုန်များကို နေ့စဉ်တင်ပို့ဖြန့်ချီလျက်ရှိရာ ယနေ့တွင် ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၆၅၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ မှ ၁၂၀၀၀၊ ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ မှ ၇၅၀၀ ၊ ငါးတန် တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ မှ ၄၃၀၀၊ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၄၈၀၀၊ ရေချိုပုစွန် တစ်ကျပ်သား/ နှစ်ကျပ်သားဆိုဒ် တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ မှ ၃၀၀၀၀၊ သုံးကျပ်သား/ ရှစ်ကျပ်သားဆိုဒ် ပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၃၆၀၀၀၊ ရှစ်ကျပ်သားဆိုဒ် ပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀၀ မှ ၆၃၀၀၀၊ ၁၅ ကျပ်သားဆိုဒ် ပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။

အခြေခံစားသုံးကုန်ဖြစ်သော ရေထွက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာ စားသုံးနိုင်မှုသည် မွေးမြူထုတ်လုပ်မှုအပေါ် မူတည်လျက်ရှိပြီး ငါး/ပုစွန်သားပေါက်ဈေးနှုန်းနှင့် အစာဈေးနှုန်းသက်သာပါက မွေးမြူပြီး ခြောက်လ၊ တစ်နှစ်အကြာ ကန်ဖော်၍ ဈေးကွက်သို့ တင်ပို့ရာ၌ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း မွေးမြူရေးတောင်သူတို့က မှတ်ချက်ပြုလျက်ရှိသည်။

"ငါး/ပုစွန်ဈေးနှုန်းကျဆင်းဖို့ဆိုရင် အစာတောင့်ကို ဈေးနှုန်းသက်သာစွာ ထုတ်ပေးနိုင်ဖို့လိုမယ်။ ငါးသားပေါက်နဲ့နည်းပညာပေးပြီး အစာတောင့်ထုတ်ပေးတာ လုပ်ငန်းအတွက် ကုန်ကျစရိတ်ထုတ်ချေးပေးတာ အဲဒါဆိုရင် ရေချိုထွက်ကုန်တည်ငြိမ်သွားနိုင်မယ်။ အဓိကအစာတောင့်ကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအားဖြင့် ရေထွက်ကုန် မွေးမြူထုတ်လုပ်မှုကဏ္ဍဟာ အရှိန်မပြတ်ရှိနေမှာပါ"ဟု ရွှေပိတောက်ငါးဈေးမှ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

နိုင်ငံတစ်ဝန်း၌ ငါးမွေးကန်ဧက နှစ်သိန်းကျော်၊ ပုစွန်မွေးကန် ဧက တစ်သိန်းကျော်ဖြင့် စုစုပေါင်းဧက ၃၅၀၀၀၀ ခန့်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါး/ပုစွန် မွေးကန်ဧက ၈၀၀၀၀ ခန့်ရှိ၍ တွံတေးမြို့နယ်၌ ငါး/ပုစွန်များကို အများဆုံး မွေးမြူထားကြောင်း သိရသည်။

**သတင်း – ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

# မန္တလေးတိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းရှင်များ ဒစ်ဂျစ်တယ်စနစ် ပါဝင်အသွင်ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ



**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းရှင်များ ဒစ်ဂျစ်တယ်စနစ် စီးပွားရေးအထောက်အကူပြု E Market Platform အသွင် ပါဝင်ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ပြောသည်။

အဆိုပါ MSME လုပ်ငန်းရှင်များကို ဒစ်ဂျစ်တယ်စနစ် နည်းပညာကိုတိုးတက်သုံးစွဲလာစေရေးအတွက် အားပေးဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် E Market Platform ဖြင့် လုပ်ငန်းရှင်ဦးရေ ၁၀၀ နှင့်စတင်ကာ ထုတ်ကုန်ပစ္စည်းများကို အွန်လိုင်းမှနေ၍ ပြည်သူများနှင့် အရောင်းအဝယ် စတင်လုပ်ဆောင်နေကြောင်း၊ လက်ရှိအချိန်တွင် ယင်းစနစ်ဖြင့် ဦးရေ ၁၀၀ မက စိတ်ဝင်စားပြီး ပါဝင်ချင်သည့် လုပ်ငန်းရှင်မည်သူမဆို ပါဝင်နိုင်ရေးကို ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနေ့မှာ MSME နဲ့ အခြားဦးစားပေးကဏ္ဍတွေရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးအထောက်အကူပြု E Market Place for Myanmar Products Platform နဲ့ စပ်လျဉ်းပြီးတော့ တိုင်းဒေသကြီးအတွင်းရှိ MSME၊ SME လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံပြီး ဆွေးနွေးပွဲ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရှိနေတဲ့ MSME တွေကို ဒစ်ဂျစ်တယ်စနစ်တိုးတက်ရေးကို ဆွဲတင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆွဲတင်နိုင်ဖို့အတွက်လည်း ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရှိတယ်။ အဲဒီကော်မတီအောက်မှာ ဆပ်ကော်မတီငါးခုရှိပါတယ်။ အဲဒီအထဲကမှ MSME တွေကို ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးဆိုတဲ့ ဆပ်ကော်မတီရှိတယ်။ အဲဒီကော်မတီက လုပ်ငန်းရှင်တွေကို ဒစ်ဂျစ်တယ်နည်းပညာတွေ တိုးတက်သုံးစွဲလာစေဖို့ အားပေးဆောင်ရွက်နေတာပါ။ ဒါကြောင့် E Market Platform ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေတာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါစနစ်တွင် MSME လုပ်ငန်းများ၊ စက်မှုဇုန်မှ လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁)စက်မှုအကြီးစားလုပ်ငန်း၊ အမှတ်(၂)စက်မှုအကြီးစားလုပ်ငန်း၊ အမှတ်(၃) စက်မှုအကြီးစားလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းစသည့် စက်မှုလေးခုမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို အွန်လိုင်းမှနေ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များလည်း ပါဝင်ဆောင်ရွက်နိုင်ရေးကို ချိတ်ဆက်ဆောင်ရွက်နေကြောင်း၊ ဆက်လက်ပြီး အခြားတိုင်းဒေသကြီး၊ ပြည်နယ်များကိုလည်း MSME များ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေးကို အားလုံးပါဝင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

---

## မြောင်းမြမြို့၌ မြမျိုးသန့် မျိုးစေ့ထုတ် သမဝါယမအသင်း စုဆောင်းငွေပေါ်အတိုးနှင့် အသင်းသားထောက်ပံ့ခြင်း အခမ်းအနားကျင်းပ

**မြောင်းမြ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ (၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မြမျိုးသန့် မျိုးစေ့ထုတ် သမဝါယမအသင်းအား ပံ့ပိုးချေးငွေထုတ်ပေးခြင်း၊ စုဆောင်းငွေပေါ်အတိုးနှင့် အသင်းသားထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာညွန့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာရှစ်ရွာရှိ အသင်းသား ၄၀ အား မျိုးသန့်မိုးစပါးစိုက်ဧက ၁၆၈ ဧကအတွက် တစ်ဧကလျှင် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၅၀၄ သိန်းကို ထုတ်ပေးခြင်း၊ စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၁၁၁၆၉၀၀ နှင့် အသင်းသားနှင့် ဝန်ထမ်း ၇၃ ဦးအတွက် တစ်ဦးလျှင် ဆီတစ်ပိဿာနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

* ကျောဖုံးမှ

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ၄ ဒသမ ၁၀၆ တန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၆၁ ဒသမ ၃ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၅၄၂ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ ဆော်ဒီအာရေဗျကလပ်မှ

စတင်ခဲ့တာဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာ ရိန်းဂျားစ်အသင်းအတွက် စကော့တလန်ပရီမီယာရှစ်ဖလားကို ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဆော်ဒီအာရေဗျကလပ် အသင်းတွေအနေနဲ့ ဥရောပထိပ်တန်းအသင်းတွေက ကစားသမားအများအပြားကို ခေါ်ယူခဲ့ပြီး လက်ရှိအချိန်မှာ မန်ယူအသင်းတိုက်စစ်မှူးဟောင်း စီရိုနယ်လ်ဒိုအပါအဝင် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူးဟောင်း ဘင်ဇီမာ၊ ဝုလ်ဗာဟမ်တန်ကွင်းလယ်လူ ရူဘင်နီဗက်စ်၊ ချယ်လ်ဆီးကစားသမားတွေဖြစ်တဲ့ ကန်တီ၊ ကူလီဘာလီ၊ ဂိုးသမား မန်ဒီနဲ့ အင်တာမီလန် ကစားသမား ဘရိုဇိုဗစ်တို့ကိုလည်း ခေါ်ယူထားတာဖြစ်ပါတယ်။

**ငွေကြယ်**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၅ | ၁၉၈၀ | ၁၉၅၅ | ၂၀၅၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၂၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၅ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၈၅ | ၂၁၀၅ | ၂၁၃၀ | ၂၁၃၅ | ၂၁၃၅ | ၂၃၆၅ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၃၅ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၁၉၈၀ | ၂၀၀၅ | ၂၀၀၀ | ၁၉၆၅ | ၂၀၈၅ | ၂၀၈၀ | ၁၉၇၅ | ၁၉၈၅ | ၂၀၂၀ | ၂၀၂၀ | ၂၀၂၅ | ၂၂၅၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၁၆၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၁၆၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၂ | ၁၈၉၂ |
| 95 Ron | ၁၉၄၃ | ၂၀၁၅ |
| HSD (500 ppm) | ၁၈၃၇ | ၁၉၀၃ |
| HSD (50 ppm) | ၁၉၁၁ | ၁၉၇၉ |
| HSD (10 ppm) | ၁၉၁၁ | ၁၉၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၉၀ စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၃-၇-၂၀၂၃)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၄-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၆,၂၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃၆)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၇)ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၇၉,၂၉၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၅၅၂)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၁၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၄၅၈)ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုးညှင်းမြို့၌ ခရိုင်/မြို့နယ်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ် ပူဇော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မိုးညှင်း ဇူလိုင် ၄

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ခရိုင်/မြို့နယ်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ စုပေါင်းရုံးရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းလျှောက်ထားတော်မူပြီး ခရိုင်အတွင်း ပြိုင်ပွဲဝင် ဝတ်ရွတ်အသင်း လေးသင်းက အလှည့်ကျရွတ်ဆို၍ ပြိုင်ပွဲကို ကျင်းပသည်။

ထို့နောက် ညနေပိုင်းတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က အသင်းလိုက်ရွတ်ဆိုမှုများအပေါ် သုံးသပ်ပြောကြားပြီး အဆိုပါ



ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများရရှိသည့် ဝတ်ရွတ်အသင်းများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း



# ကလေးဝမြို့၌ ပြည်သူများအား တန်ဖိုးသင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ရောင်းချ

ကလေးဝ ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ကလေးဝမြို့တွင် ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် တန်ဖိုးသင့်အခြေခံစားသောက်ကုန်များကို အပတ်စဉ် အင်္ဂါနေ့တိုင်း ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက်ရှိ စည်ပင်သာယာဈေးအနီးတွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါစားသောက်ကုန်ပစ္စည်းများရောင်းချရာတွင် ဆန်တစ်ပြည်၊ ဆီတစ်ဆယ်သားနှင့် ကြက်ဥနှစ်လုံးကို ငွေကျပ် ၃၀၀၀ ဖြင့် လူဦးရေ ၃၀၀ ခန့်အား ရောင်းချပေးခဲ့ကြောင်း ဝယ်ယူလိုသူများပြားသဖြင့် တိုကင်စနစ်ဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆီဆိုင်မြို့နယ်၌ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးပေး

ဆီဆိုင် ဇူလိုင် ၄

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးရာတွင် မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)- ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်-ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် စသည့်ကာကွယ်ဆေးများကို ထိုးနှံ၊ တိုက်ကျွေးပေးခြင်းနှင့် ကလေးကိုယ်အလေးချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

သာပေါင်း ဇူလိုင် ၄

သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်



သည့် ကွင်းကောက်ကျေးရွာအုပ်စု၊ (အိုးဘို+ဘောတလင်းကုန်း)ကျေးရွာနှစ်ရွာ တစ်ယူနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဌမနှစ်စက်ဝန်းတွင် အသင်းသား ၁၁၇ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းထုတ်ချေးငွေကျပ် ၄၁ ဒသမ ၂၅ သန်း၊ တစ်ကျပ်အတိုးနှုန်းဖြင့် ထုတ်ချေးထားသည့် ကျေးရွာများသို့ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ မြစိမ်းရောင်ချေးငွေထုတ်ချေးထားသည့် အသင်းသားများမှာ စိုက်ပျိုးရေးလုပ်ငန်း ၁၂ ဦး၊ မွေးမြူရေးလုပ်ငန်း ၈၈ ဦး၊ ရေလုပ်ငန်းတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း ၁၄ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှစ်ဦးဖြစ်ကြောင်း သိရသည်။

JJJ

## ကုန်သွယ်/စီးပွား

# ရွှေတောင်မြို့နယ်၌ ခရမ်းသီးများ အရောင်းအဝယ်ဖြစ်၍ ဈေးကောင်းရ

ရွှေတောင် ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ကြို့ကုန်းကျေးရွာတွင် ခရမ်းသီးများ စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ခရမ်းသီးကို ဧပြီလတွင် စတင်စိုက်ပျိုး၍ ဇွန်လတွင် စတင်ခူးဆွတ်ပြီး တစ်ကြိမ်ခူးဆွတ်လျှင် ပိဿာချိန် ၂၀၀ ခန့် ထွက်ရှိကြောင်း၊ ကုန်သည်ပွဲစားများက ခရမ်းသီးများကို စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြပြီး၊ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ခရမ်းသီး သုည ဒသမ ၂၅ ဧက စိုက်ခင်း၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်တွင် ခရမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀ ဖြင့် ရောင်းချခဲ့ရကြောင်း၊ ယခင်နှစ်ထက်ဈေးကောင်းရသဖြင့် ခရမ်းစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်ပိုမိုရရှိသည့်အတွက် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောင်တော ဇူလိုင် ၄

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇွန်လလျာထားချက်မှာ ပို့ကုန်ဒေါ်လာတစ်သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၀၃၀ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၀၃၀ သန်းဖြစ်ပြီး ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဒေါ်လာ သုည ဒသမ ၃၈၆ သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၀၁၀ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ သုည ဒသမ ၃၉၆ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၃၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး ၁၀ တန်၊ အုန်းသီး ၁၃ တန်၊ ဆီးသီးခြောက် ၆၃ ဒသမ ၃ တန်၊ ချင်း(အစို) ၁၀၈၆ ဒသမ ၅ တန်၊ တညင်းသီး ၁၁၈ တန်၊ နနွင်းတက် ငါးတန်၊ ရေထွက်ပစ္စည်းမှ ငါးခေါင်းပွ ၂ ဒသမ ၅ တန်၊ ပုစွန်ခြောက် သုည ဒသမ ၅ တန်၊ ငါးစုံလေးခြောက် လေးတန်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ် အစုံ ၅၉၀၀၊ မုန့်ဖတ်ခြောက် သုည ဒသမ ၅ တန်၊ အဝတ်အထည် သုည ဒသမ ၅ တန်၊ ချည်လုံးချည် ၁ ဒသမ ၉ တန်၊ သနပ်ခါးခဲ ၁၁ ဒသမ ၅ တန်၊ ဆီးယိုထုပ် ၆၄ တန်၊ တင်ပို့ခဲ့သည်။ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းများမှာ ပလတ်စတစ်ပိုက် သုည ဒသမ ၅ တန်၊ PVC Tank ၃၇ ခု ၊ Water Hand Pump အခု ၂၀၊ သတ္တုရေကရား ၁ ဒသမ ၁ တန်နှင့် အမျိုးသားဝတ်တီရှပ် အထည် ၃၅၀၀ တင်သွင်းခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့သည့် ပို့ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ကွမ်းသီး တစ်တန်လျှင် ဒေါ်လာ ၁၀၀၀၊ ဆီးသီးခြောက် တစ်တန်လျှင် ဒေါ်လာ ၁၇၀၊ ချင်း(အစို) တစ်တန်လျှင် ဒေါ်လာ ၂၀၀၊ တညင်းသီး တစ်တန်လျှင် ဒေါ်လာ ၃၀၀၊ Water Hand Pump တစ်ခုလျှင် ငွေကျပ် ၄၂၀၀၀၊ PVC Tank တစ်ခုလျှင် ငွေကျပ် ၈၄၀၀၀၊ အမျိုးသားဝတ်တီရှပ် တစ်ထည်လျှင် ငွေကျပ် ၂၁၀၀၊ ပလတ်စတစ်ပိုက် တစ်တန်လျှင် ငွေကျပ် ၃၁၅၀၀၀၀၊ သတ္တုရေကရား တစ်တန်လျှင် ငွေကျပ် ၆၄၆၁၀၀၀ ဈေးနှုန်းရှိသည်။

ဒေသငွေလဲနှုန်းအခြေအနေမှာ ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီတွင် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ငွေကျပ် ၃၀၅၇ ကျပ်၊ ၁၁၄ ဒသမ ၅၁ တာကာ၊ ကျပ် ၁၀၀ လျှင် ၃ ဒသမ ၇၅ တာကာ၊ တစ်တာကာလျှင် ၂၆ ဒသမ ၇၀ ကျပ် ဖြစ်ပေါ်လျက်ရှိသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တောင်ငူမြို့ ကေတုမတီငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက်က ငါးပိဿာချိန်ပေါင်း ၁၅၀၀၀၀ ခန့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

တောင်ငူ ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီငါးမွေးမြူရေးကုန်ထုတ်သမဝါယမအသင်းလီမိတက်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငါးပိဿာချိန်ပေါင်း ၁၅၀၀၀၀ ခန့် ထုတ်လုပ်နိုင်ရန် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးမုတ်ငါးများအနက် ငါးမြစ်ချင်းငါးများကို ဆေးထိုးသားဖောက်လုပ်ငန်းများ ဆောင်ရွက်ပြီး ငါးမြစ်ချင်းငါးကောင်ရေ သိန်း ၁၄၀ ကျော်ရရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ရရှိလာသည့် ငါးမြစ်ချင်းငါးကောင်ရေ သိန်း ၁၄၀ ကျော်မှ တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများ၊ ငါးမွေးသူအစုအဖွဲ့များ၊ အဖွဲ့အစည်းများသို့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ငါးတန်၊ ငါးမုတ်ငါးမျိုးများကိုလည်း သားဖောက်ခြင်းလုပ်ငန်းများ ဆက်လက်ကြိုးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ




နေပြည်တော် ဇူလိုင် ၄

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)မှ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ကျင်းပရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဝဲကြီးပရိယတ္တိစာသင်တိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနဘေးမဲ့ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုန်းကျောင်းတိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဥ္ဇူစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဝိဇိတာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိသီရိမင်္ဂလာကံလှကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကန်ကြီးကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မြို့မကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် ဇူလိုင် ၄

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲ အခမ်းအနားအား ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ကျင်းပရာ မွန်ပြည်နယ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ( ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က ငွေကြေးခဝါချမှု ပြုလုပ်ခြင်းနှင့် သက်ဆိုင်သည့်ပြစ်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၆၉) ရပ်ကွက်နေ လှပြည့်ကျော်သည် ၎င်းအသုံးပြုသည့် "Hla Pyai Kyaw" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ အိနှင်းထက်သည် ၎င်းအသုံးပြုသည့် "Ei Hinn Htet" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာနေ ကျင်ရွှေနှင့် ၎င်း၏သားဖြစ်သူ ဇင်ကိုကိုဝင်းတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Kyin Shwe" Facebook အကောင့်နှင့် "Zin Ko Ko Win" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာသစ်ရပ်ကွက်နေ အိပိုပိုကျော်(ခ) ပိုပိုသည် ၎င်းအသုံးပြုသည့် "Po Po" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်လတ်မြို့နယ်၌ အခွန်လွတ်ဈေး စတင်ဖွင့်လှစ်ရောင်းချပေးလျက်ရှိ

ကျိုက်လတ် ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများက အခွန်လွတ်ဈေးကို ကျိုက်လတ်မြို့ အမှတ်(၄)ရပ်ကွက် (၁၀)လမ်းထိပ်နှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် ယနေ့ နံနက် ၆ နာရီမှ စတင်ဖွင့်လှစ်ရောင်းချပေးခဲ့သည်။

အဆိုပါ အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်နိုင်ဝင်းတို့က အခွန်လွတ်ဈေးအတွင်း အသား၊ ငါး၊ ကုန်ခြောက်ပစ္စည်းနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။



၂၀၇

# ကလောမြို့နယ် လမိုင်းရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

ကလော ဇူလိုင် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လမိုင်းရွာသစ်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က လမိုင်းရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လမိုင်းရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တွင် အောက်ဖော်ပြပါ ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချခြင်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် သံနှင့်သံမဏိလုပ်ငန်း လုပ်ကိုင်သည့်ကုမ္ပဏီများအား တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

(က) Lot No(1) : သံရည်ပျက်တုံး(၃၉၁.၈၈)တန်

( ခ ) Lot No(2) : Engine (Assorted Type Engine& Engine Block)အဟောင်း (၁၂,၀၀၀)လုံး (ခန့်မှန်းတန်ချိန် ၃,၀၀၀)

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် – ၄-၇-၂၀၂၃ ရက်
တင်ဒါပိတ်မည့် ရက်နှင့်အချိန် – ၁၇-၇-၂၀၂၃ ရက်၊ (၁၆:၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်း၍ လာရောက်ထုတ်ယူနိုင်ပါသည်–

**စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း–၀၆၇–၄၀၅၁၅၉၊ ၀၆၇–၄၀၅၁၅၈**

## ဖခင်အမည်မှန်

ပြည်မြို့၊ Shining Star For Kids ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade–3 မှ မောင်ဘုန်းမော်ခန့်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇာနည်မျိုးထွဋ် [၃/ဘအန(နိုင်)၂၀၁၃၅၇] ဖြစ်ပါကြောင်း။

**ဦးမင်းဇာနည်မျိုးထွဋ်**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဝါးခယ်မမြို့နယ်၊ အ.မ.က (ဖိုးသာခွေး)ကျောင်း၊ Grade–3 မှ ဦးစံမြကျော် [၁၄/ဝခမ(နိုင်)၁၆၇၇၅၇]၏ သမီး မအိအိဖြိုးအား မအေးသန္တာကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးသန္တာကျော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၉) မြေကွက်အမှတ်(၈၂၂/၁)၊အကျယ်အဝန်း(၂၁၉၅၄)စတုရန်းပေအကျယ်ရှိနှစ်(၆၀)ဂရန်မြေကွက်အနက်မှ (P-1)အကျယ်အဝန်း(၁၅၉၅)စတုရန်းပေခန့်အကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဦးသံဒိုင်(၈/ပခက(နိုင်)၁၄၁၃၁၄)+၂ထံမှကျွန်ုပ်၏မိတ်ဆွေဦးတင်ဝင်း(၁၂/မဂတ(နိုင်)၀၈၂၉၅၁)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ပိုးအိဖြူ
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၃၂၅)
LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)
Ph : 09-5080073, 09-408098822, 09-409238877
အမှတ်(1/A2)၊မြသီတာအိမ်ရာ၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## "အများသိရှိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၁၃၂/A)၊ (၃–လွှာ)နေ ဒေါ်ညိုညိုစိမ့် (ဘ) ဦးစိုးညွန့် [၁၀/သထန(နိုင်)၁၀၉၃၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်–

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာအုပ်စုအတွင်း တည်ရှိသော ကွင်းအမှတ်(၅၆၇)၊ (B/ခ) ဦးလှဝင်း အမည်ပေါက် ပုံစံ– ၇ (မူရင်း) မြေအမျိုးအစား (လယ်)၊ ဧရိယာ (၂.၅၅)ဧကရှိ လယ်ယာမြေ၏ အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဝင်းသည် (၇–၉–၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပြီး ဖြစ်ပါသည်။ ၎င်းကွယ်လွန်သွားပြီးနောက် ၎င်း၏အမွေဆက်ခံသူ ဇနီး ဒေါ်ညိုညိုစိမ့် တစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ဒေါ်ညိုညိုစိမ့်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ မည်သည့်ကိစ္စရပ်ကိုမျှ ဆောင်ရွက်ခွင့်မရှိကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ညီမ်းညီမ်းထွေး (LL.B,DBL)** | **ဒေါ်အေးငြိမ်းသူ(LL.B)** | **ဒေါ်နန့်အိဆုမွန်(LLB)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၁၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၂၃၉)** | **အထက်တန်းရှေ့နေ(စဉ်–၄၉၄၀၁)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း– ၀၉–၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ (S.72) ၃–ခန်းတွဲ ၃ထပ်တိုက်၏ (၆)လွှာ–ခြေရင်းခန်း(၆–စီ) (အလျား ၆၀ပေX အနံ ၂၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခိုင်ဇင်သူ [၁၀/မလမ(နိုင်)၂၃၄၅၂၆] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းအိုက်လှိုင်းပန် [၁၃/မဆတ(နိုင်)၀၅၂၃၃၆] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်(နှစ်ပတ်) အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းအိုက်လှိုင်းပန် [၁၃/မဆတ(နိုင်) ၀၅၂၃၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိုး တရားလွှတ်တော်ရှေ့နေ(စဉ်–၂၈၉၈) (၄–၁၂–၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)စီ(ပထပ်)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–250022892,09–443021827**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အမှတ်(၃) အင်းစိန်လမ်းမကြီး၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏ ၅ ထပ်(ညာဘက်ခြမ်း)၊ အလျား ၃၁ပေX အနံ ၄၅ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်လားလ်ဒွန်ငုတ်အီး[၅/ကလတ(နိုင်)၁၆၃၅၇၂]ကိုင်ဆောင်သူမှ ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြတ်ဇော် [၇/ရတန(နိုင်)၁၁၆၀၂၀]ကိုင်ဆောင်သူမှ ရောင်းဖိုးငွေဖြင့်ပင် ဝယ်ယူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်(နှစ်ပတ်)အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းစာချုပ်(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်ဇော်[၇/ရတန(နိုင်)၁၁၆၀၂၀]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိုး တရားလွှတ်တော်ရှေ့နေ(စဉ်–၂၈၉၈) (၄–၁၂–၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)စီ(ပထပ်)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–250022892, 09–443021827**

## လင်မယား ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးသိန်းဇော် [၁၂/လသယ(နိုင်)၀၅၄၂၁၀]နှင့် ဒေါ်တင်တင်မာ [၁၄/အမန(နိုင်)၁၄၇၅၆၀]တို့သည် ၃–၇–၂၀၂၃ ရက်နေ့က အင်းစိန်မြို့နယ်တရားရုံးတွင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးများနှင့် အခြားအရပ်ရပ်ကိစ္စများ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်ထက်ထက်ခိုင်**
**LL.B.,D.IP.L.,Advocate**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၁၁၇/၂၇–၁–၂၀၂၁)**
**အမှတ်–၅၅၊ အခန်းအမှတ်–၂၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09–5161186, 09–250060731**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၄ (ငွေပင်လယ်)၊ မြေကွက်အမှတ်– ၆၂၊ ဧရိယာ (၂.၂၄၄)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်၊ မြေကွက်အမှတ်– ၆၄၊ ဧရိယာ (၃.၃၂၃)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက် (၂)ကွက်တို့နှင့်တကွ ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ အလယ်လမ်း (Second Street)၊ အမှတ်– ၆၂/၆၄ ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဈေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆိုခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၆၉၂၂၉၉၅၆၃၊ ၀၉–၄၂၈၆၃၀၇၀၄**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း )မြို့နယ်၊ (၂၁)ရပ်ကွက်၊ လယ်သမား (၁)လမ်း၊ မြေကွက်အမှတ် (၂၃၄) ဟုခေါ်တွင်သော ဒေါ်ကြည်ကြည်ဦး အမည်ပေါက်နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း (အလျား ၄၀ပေX အနံ ၆၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)အကျယ်အဝန်း (အလျား ၂၀ပေX အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာမာညွန့် [၁၄/ဘကလ(နိုင်)၀၅၉၇၅၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နန်းထွေးညို [၁၃/တကန(နိုင်)၂၇၇၃၀၆]သည် အပြီးအပိုင် လွှဲပြောင်းဝယ်မည်ဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးအောင်မျိုးချစ် (LL.B)** | **ဒေါ်သက်ဝေအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၇၄)** | **အထက်တန်းရှေ့နေ (စဉ်–၅၀၀၁၆)** |

**တိုက်(B–8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–778849700, 09–773562082**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ပြည်နဝဒေးလမ်း၊ အမှတ်(၁၂၉) ဟုခေါ်တွင်သော မြေအကျယ် ပေ(၆၀x၆၀) ဂရန်၊ အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်သန်း [၁၂/မဘန(နိုင်)၀၆၁၉၂၄]** အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသူ **ဦးကျောက်ကော်စူး [၁၃/ကလတ(နိုင်)၀၃၀၅၁၈]** မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ် –၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း – ၀၉–၂၅၃၄၂၃၂၅၅ ၊ ၀၉–၇၉၇၆၆၆၁၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၇၊ မြေကွက်အမှတ်– ၆၄၈၊ မြေကွက်တည်နေရာအမှတ်– ၆၄၈၊ ရွှေနံ့သာလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသောင်း (CA–၀၅၅၄၇၆) အမည်ပေါက်၊ ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသောင်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ခင်မေ [၁၁/ရသတ(နိုင်)၀၀၂၉၆]မှ (၁၄–၄–၁၉၉၀)ရက်စွဲပါ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသောမြေချပါမစ်၊ အရောင်းအဝယ်ကတိစာချုပ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၆၊ မြေကွက်အမှတ်– ၂၀၈၊ မြေကွက်တည်နေရာအမှတ်(၂၀၈)၊ ဗိုလ်စောဦးလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးရွှေဂဲ (CG–၀၃၄၇၉၂) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဦးရွှေဂဲ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းမြင့် [၁၂/သဃက(နိုင်)၀၈၃၈၉၈]မှ မိမိသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ခင်ပွန်း) ဦးရွှေဂဲ၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် )**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၄၄၈/က)၊ အကျယ်အဝန်း (၂၀ပေX ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ နီလာ(၄)လမ်း၊ အမှတ်(၄၄၈/က) ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ **ဦးဝင်းလက် [၁၄/ညတန(နိုင်)၀၀၀၈၂၅]**မှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဒေါ်အိဝေလွင်[၁၂/မရက(နိုင်)၁၅၉၈၉၆]**က ၎င်းလက်ဝယ်ရှိ တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ရှုမဝနိုင် [၇/ပတန(နိုင်)၁၄၉၁၉၃]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆိုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မင်းသူ့နှိုးဖြိုး(စဉ်–၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **[LL.B, D.I.P.L, DL–101 WIPO (Switzerland)]** | **[LL.B, D.B.L, D.I.L, D.I.P.L, DL–101WIPO (switzerland)]** |

**ဖုန်း– ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၉၉၆၆၄၅၅၆၊ ၀၉–၅၀၄၉၁၇၄**
**အမှတ်– ၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၄၃–ရပ်ကွက်၊ စေတနာ (၄) လမ်း၊ အမှတ်–၄၈၄ ဟုခေါ်တွင်သော မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃၊ မြေကွက်အမှတ် ၄၈၄၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား– နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၄၈၄)၊ စေတနာ (၄)လမ်း၊ ၄၃–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးစိန်ညို (TYT–၀၁၂၃၃၉) အမည်ပေါက်လျက်ရှိပြီး မိခင်၊ ဖခင်တို့ ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံသူသား ဦးတင်ဇော်မိုး [၁၂/ကမတ(နိုင်)၀၃၁၆၂၅]ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ နော်စောဖြူစင်သဲမိုး [၁၂/အစန(နိုင်)၁၉၈၃၁၉]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ၁၁၇–ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်–၇၄ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၁၇၊ မြေကွက်အမှတ်– ၇၄၊ ဧရိယာ (၀.၁၈၂)ဧက၊ မြေအမျိုးအစား– နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ရီရီဝင်း [၁၃/မကန(နိုင်)၀၂၃၄၃၁] [၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်– ၄၇၄၉/၂၀၁၅ (၉–၄–၂၀၁၅)ရရှိသူ ဒေါ်ရီရီလှိုင် (ဘ) ဦးရိုဝါ [၁၃/မကန(နိုင်)၀၂၂၈၅၀]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ ၃–ရပ်ကွက်၊ ဗိုလ်ချိန်လမ်း၊ မ–၄၇၆ တွင် နေထိုင်သော ဒေါ်စမ်းစမ်းမော် မှတ်ပုံတင်အမှတ် [၁၁/မအန(နိုင်)၀၁၃၇၃၃] ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်–

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သံဒင်း/၄၈/ ၁၉–ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်– ၆၇၁ ဟုခေါ်တွင်သော မြေကွက် ပေ(၄၀x၆၀)အနက်မှ ခြေရင်းခြမ်း မြေကွက် ပေ(၂၀x၆၀)နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးအောင်ရှိန် [၁၂/ဥကမ(နိုင်)၀၀၉၀၆၄] ထံမှ အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဦးမျိုးမြင့် (HLG–၀၂၂၁၁၈)ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် (၂၇–၆–၂၀၂၃)ရက်နေ့တွင် အိမ်ခြံမြေတန်ဖိုးအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား (၂၀–၇–၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဦးမျိုးမြင့်တို့ အရောင်းအဝယ်ပြုလုပ်ကြသည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ အိမ်ခြံမြေ အပြီးသတ်အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်ဇော်ထွန်း (LL.B)** | **ဦးအောင်ကျော်ဆန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၂၆၉၉)** | **(စဉ်–၄၉၁၇၇)** |
| **ဖုန်း–၀၉–၄၂၀၀၂၉၈၇၉** | **ဖုန်း–၀၉–၈၉၈၄၄၆၂၆၂** |
| **အမှတ်–၆၁၁(က)၊ ရတနာသီရိလမ်း၊** | **ပျဉ်းမပင်ကျေးရွာ၊ဘိုခြံလျှပ်စစ်ဝင်း** |
| **ဈ/ ၃၃/၁၀–ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊** | **မင်္ဂလာဒုံမြို့နယ်။** |

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဇီးတောကျေးရွာအုပ်စု၊ ရှောက်ဝကျေးရွာနေ အဖ ဦးဇော်လွင်၏သား ကျွန်တော် မောင်နေလင်းထွန်း [၈/ငဖန(နိုင်)၀၅၀၆၃၂]၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (ME-618415) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် -

**ဖုန်း-၀၉-၆၈၂၃၆၈၄၈၂**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ကျောင်းကုန်းလမ်း၊ မြို့မမြောက်ရပ်နေ အဖ ဦးစိုးမောင်၏သား ကျွန်တော် မောင်ဟန်ရာဇာထွန်း[၈/ရနခ (နိုင်)၁၆၅၀၇၈]၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ်(ME- 201075) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၆၉၀၈၈၀၃၀၀**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၇-၂၀၂၃) ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ (၃၁)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်သိန်းသန်းအေး၏ အများသိစေရန် ကြော်ငြာတွင် ဖော်ပြထားသည့် ဦးပြုံးချို၏ မြေကွက်မှာ ခေါင်းရင်းခြမ်း အစား ခြေရင်းခြမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။







## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ဘူးကျွန်းကျေးရွာအုပ်စု၊ အရှေ့ရွာကျေးရွာနေ အဖ ဦးလှညွှန့်၏သား ကျွန်တော် မောင်ထွန်းထွန်းဝင်း [၈/ရနခ (နိုင်)၁၆၇၂၇၄]၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ်(MB-433701)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၆၆၄၃၃၅၉၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ မြေကွက်အမှတ်(၂၇၂)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်၏ (တောင်ဘက်ခြမ်း)၊ မြေကွက်အမှတ်(၂၇၁)နှင့် ကပ်လျက်ဘက်ခြမ်း အကျယ်အဝန်း(အလျား၂၀ပေx အနံ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၁)လမ်း၊ အမှတ်(၂၇၂) ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးအေး အမည်ဖြင့်တရားဝင်အမည်ပေါက်ထားပြီးအမည်ပေါက်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၃၂၈၁/၂၀၂၃)အရ တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသီဟရဲအောင်[၁၂/အစန(နိုင်)၂၃၂၄၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြလှဲ့ဝင်း(L.L.B )**
**အထက်တန်းရှေ့နေ (စဥ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်-၁၂၆၃(A) ဟုခေါ်တွင်သော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မေတ္တာညွန့်အိမ်ရာ ၊ (၂)ခန်းတွဲ(၅)ထပ် ၊ စုပေါင်းပိုင် အဆောက်အအုံမှ မြေညီထပ်၊ အခန်းအမှတ်(၀၀၂)၊ ကြမ်းခင်းဧရိယာ (၉၉၀ စ/ပ) အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခန်းအမည်ပေါက် ဒေါ်ကြည်[၁၂/သဃက (နိုင်)၀၃၄၀၄၁]ထံမှ ဝယ်ယူထားသူ ဒေါ်ခိုင်မာ [၈/မကန(နိုင်)၀၆၂၈၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A- 1)၊ ဘဏ်လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဗောဓိကုန်းရပ်ကွက်၊ ရန်ကုန်-ပြည်လမ်း၊ ကွင်းအမှတ်(၇၄၇)၊ အင်္ဂလားကွင်း၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀.၁၈)ဧကခေါ်တွင်သော အလျား(၁၅၀)ပေ x အနံ(၅၀)ပေကို အလျား(၁၅၀)ပေ x အနံ(၄၀)ပေဟု(၂၃-၆-၂၀၂၃)ရက်နေ့ထုတ်ကြေးမုံသတင်းစာတွင် မှားယွင်းစွာ ကြော်ငြာမိပါသည်။ အထက်ဖော်ပြပါ ဦးစိန်ဝင်း ဂရန်အမည်ပေါက်မြေကွက်ဖြစ်သော အလျား(၁၅၀)ပေ x အနံ(၅၀)ပေအား အိမ်နှင့်ခြံပိုင်ရှင် ဦးစိန်ဝင်း [၁၂/တကန(နိုင်)၁၂၇၅၅၉]ထံမှ ကျွန်ုပ်မိတ်ဆွေ ဖြစ်သော ဦးအောင်ကျော်သက် [၁၂/တကန(နိုင်) ၁၄၄၄၄၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်နှင့်ခြံ မြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့မဟုတ်) အကျိုးသက်ဆိုင်သူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်တားဆီးလိုပါက ပိုင်ဆိုင်ခွင့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ မူရင်းစာရွက်စာတမ်းများပါ တစ်ပါတည်းယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အိမ်နှင့်ခြံမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထိုက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၂၈)**
**ဆည်မြောင်းဝင်း၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့။**
**ဖုန်း-၀၉-၄၂၁၁၃၆၇၈၅**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇၄ နှင့် ဆက်နွှယ်သည့်**

**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၃**

| | | |
|---|---|---|
| ၁။ ဒေါက်တာဦးကျော်ဝင်း<br>၂။ ဦးကျော်မင်း(ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ရင်ရင်၏ တရားဝင်ကိုယ်စားလှယ်များ)<br>(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်မူမူဆွေ) | နှင့် | ၁။ ဦးဟိန်းဇော်ဦး<br>၂။ ဦးတင်ဦး |
| ဒီကရီအနိုင်ရသူများ | | တရားရှုံးများ |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၁၇/၂၁၉)နေ (၁)တရားရှုံး ဦးဟိန်းဇော်ဦး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၇၄ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏ မိတ်ဆွေသည် ဦးသောင်းငွေ(ဘ)ဦးဘတင် အမျိုးသားမှတ်ပုံတင် (SDY-၀၄၈၂၀၉) ကိုင်ဆောင်သူ အမည်ပေါက်သည့် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄)၊ (၈)ရပ်ကွက်၊ ယောမင်းကြီးလမ်းရှိ အမှတ် (၁၇၅/ခ)ဟုခေါ်တွင်သော အလျား ၂၀ ပေ xအနံ ၆၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအား လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူ ဦးချစ်မောင် [၁၁/မပတ(နိုင်)၀၂၇၇၃၉]၊ ကိုင်ဆောင်သူ ရွှေပြည်သာနေသူထံမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ အထက်ဖော်ပြမြေနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထား စာချုပ်စာတမ်းများ သက်ဆိုင်ရာဌာန၏ စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**လေးလေးရီ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၃၄/၈၇)**
**၁၁၇၊ ၄လွှာ(ဘီ)၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၅၁၉၁၀၉၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၉၄၂)၏ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဦးသန်းရွှေ အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရည်မွန်လှိုင် [၁၂/ဒဂတ(နိုင်)၀၄၈၉၄၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဖေယျာ(၁၄)လမ်း၊ မြေကွက်အမှတ်(၄၅၅/ခ)၏ မြေအကျယ်အဝန်း (၂၀x ၆၀)ပေရှိဦးစိန်ရွှေ (S/OKA-၀၀၃၇၁၅)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြတ်မြတ်မိုး[၁၀/ ရမန (နိုင်)၀၀၃၄၅၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဖေယျာသီရိလမ်း၊ အမှတ်(၁၄)၊ မြေကွက်အမှတ်(၂၇၆)၊ အကျယ်အဝန်း(၂၅ပေ x ၅၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC အဆောက်အဦနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါမြေနှင့်အဆောက်အဦကို တရားဝင်ပိုင်ဆိုင်ပြီး အမည်ပေါက်ဖြစ်ကာ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးခင်မောင်လှထွေး[၁၂/ဒပန(နိုင်)၀၀၂၅၈၀၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသိန်းစိုး[၁၂/ပဘတ(နိုင်)၀၁၁၉၄၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဦးမြင့်သန်း** | **ဒေါ်သီရိလှိုင်** | **ဒေါ်ဖြူဖြူထွဏ်း(အထက်တန်းရှေ့နေ)** |
| **(စဉ်-၆၉၆၃)** | **(စဉ်-၁၅၂၆၀)** | **(စဉ်-၃၂၁၅၆)** |

**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၅၀၁၈၀၇၆**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၄၂)၊ (အလျား ၃၉ပေ ၉လက်မx အနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒလမ်း၊ အမှတ်(၃၄၂) ဟုခေါ်တွင်သော မြေအိမ်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြမြစံ(CE-၀၆၅၇၉၅)မှ အမည်ပေါက်ကြောင်း ရောင်းသူ ဒေါ်သိန်းတရာဝင်း [၁၄/ဟသတ(နိုင်)၀၄၄၃၀၅]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝိုင်းနန္ဒာဇော် [၉/ပမန(နိုင်)၁၅၈၄၈၉]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B., D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၂၀၈)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)အကျယ်ရှိ မြေချပါမစ်အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကို မျက်နှာမူ၍ကြည့်သော်(ဘယ်ခြမ်း)၊ (အလျား ၂၅ပေ x အနံ ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅၂)ရပ်ကွက်၊ ကျောင်းလမ်းသွယ်(၁)လမ်း၊ အမှတ်(၂၀၈) ဟုခေါ်တွင်သော မြေအိမ်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသောင်းစိန် [၁၂/လကန(နိုင်)၀၈၆၃၃၃] အမည်ပေါက်ကြောင်း ရောင်းသူ ဦးမြမိုး [၁၂/ဒဂမ(နိုင်)၀၀၂၈၀၃]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုဝင်း[၁၂/ဥကတ(နိုင်)၁၆၃၇၈၆]နှင့် ဒေါ်အေးအေးအောင်[၇/ဝမန(နိုင်)၁၁၅၇၁၀]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B., D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ် (၁၉၄)၊ (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ညာခြမ်း)၊ (အလျား ၂၀ပေx အနံ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် (၁၉၄)ဟုခေါ်တွင်သော မြေအိမ်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ညွန့်ညွန့်တိုး (AI–၀၅၄၉၄၃)၊ [၁၂/ဒဂန(နိုင်)၀၀၆၄၄၈] အမည်ပေါက်ကြောင်း၊ ရောင်းသူ ဒေါ်သိန်းသိန်းမြင့် [၁၂/အလန(နိုင်)၀၂၉၀၈၉]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းပွင့်ခိုင် [၉/ခအဇ(နိုင်)၀၀၄၄၄၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ရွှေပြည်သာ(၂) လမ်း၊ မြေကွက်အမှတ်(၁၃၈၇)၊မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ ပထမထပ် (ခေါင်းရင်းခြမ်း)၊အကျယ်အဝန်း(၁၈ပေx၅၄ပေ)၊ အမြင့်(၉ ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ ကတိစာချုပ်အရ မြေပိုင်ရှင်ခံစားခွင့်ရှိသည့် တိုက်ခန်းကိုမြေပိုင်ရှင် **ဒေါ်မိုးလှိုင်သီဦး [၅/ကလဝ(နိုင်)၀၀၆၄၆၉]**ထံမှ **ဒေါ်သူဇာအောင် [၁၂/ဥကတ(နိုင်)၁၅၃၈၀၂]**သည် **"နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာပြန်လည်လွှဲ ပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊၀၉–၇၉၆၃၀၈၀၁၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ အသက (၂၁) လမ်း၊ မြေကွက်အမှတ် (၆၂၈/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်သန်းသန်းဆွေ (PMA–၁၁၈၉၀၉)**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးအငယ်လေး [၁၂/ဥကမ(နိုင်)၁၅၈၇၁၅]**သည် **"ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ်အမှတ် (၅၄၈/၂၀၀၁)"**ဖြင့် ချုပ်ဆိုပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေများထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ် ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂၁**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို**၂၄–၆–၂၀၂၃ ရက်နေ့အထိ** နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန်အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅–၇–၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၆) မြေကွက်အမှတ် (၂၆၆) ဖြစ်သည့် (အရပ်အခေါ်) အမှတ် (၂၆၆)၊ မြနန္ဒာလမ်း၊ (၁၂၆) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေချပါမစ်အမည်ပေါက် ဦးမြသိန်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အဦတို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေချပါမစ်အမည်ပေါက် ဦးမြသိန်းထံမှ အရပ်ကတိ အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး အရှုပ်အရှင်းများ ကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မင်းဇော်ထံမှ ကျွန်ုပ်၏မိတ်ဆွေက မြေကွက်နှင့်အဆောက်အဦတို့အား အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ရောင်းချသည့်မြေကွက်နှင့် အဆောက်အဦတို့အား အရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်း/ စာရွက်စာတမ်း (မူရင်း) များ အပြည့်အစုံနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆွေမြင့်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးခိုင်ဇင် (LL.B.,D.B.L.,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၁၂၄/၂၉–၇–၂၀၁၄)**
**တိုက်– ၁၈၊ အခန်း– ၂၃၊ မလိခအိမ်ရာ၊ ဘ၀မြင့်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၂၅၄၇၂၃၅၇၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက် အမှတ် (၅၂၄)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ဖန်နီတင် [၁၂/လမန(ပြု)၀၀၀၅၇၉] အမည်ပေါက် နှစ်(၆၀) အငှားဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၅၂၄)၊ မြရတနာ(၁)လမ်း၊ (၂၄)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်–၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ် (ဝဲ)၊ လမ်း–၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉– ၅၁၄၃၅၈၃၊ ၀၉– ၇၉၅၉၁၃၉၈၄၅**

## ကန့်ကွက်နိုင်ပါသည်။

ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပုလဲကွန်ဒို၏ အဆောက်အအုံနံပတ်–D၊ အခန်းအမှတ် –12.08၊ ဧရိယာ (1250)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်များကို ပိုင်ရှင်ဖြစ်သူ ဦးအေးသွယ် (၁၀/မလမ(နိုင်)၀၂၃၀၅၅)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်၍ ကန့်ကွက် လိုသူများရှိခဲ့ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည့်အကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ –

**ဦးအောင်နိုင်(LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၂၆)**
အမှတ်–၁၀/၁၂(မြေညီ) (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။Ph:09443048158

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာသစ်ခွစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်၊ ရွှေနံ့သာရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၉၈)ဟု ခေါ်တွင်သော၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၉၇၊ မြေကွက်အမှတ် (၉၈) ဒေါ်သီတာလွင် အမည်ပေါက် နှစ်(၆၀)ဂရန် ၊ အလျား ၁၉၈/၁၉၇ × အနံ ၃၇၀/၃၆၈၊ ဧရိယာ (၁.၆၇၃)ဧကရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာလွင်(၁၂/သလန(နိုင်)၀၃၄၃၅၀)ထံမှ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်လှမွန်မွန်မြင့် (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၈၆)**
တိုက်-၉/၁၁၊ အခန်း(၀၀၄/အေ)၊ မြေညီထပ်၊ ၃၆-လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၅၀၈၅၂၀၇၊ ၀၉ ၉၆၅၀၈၅၂၀၇

## "အများသိရှိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်းသွယ်(၁၀)လမ်း၊ အမှတ်(၅၂၄)နေ ဦးမျိုးမြင့် (ဘ) ဦးဟုတ်လှိုင်(ခ) စိန်ဝင်း [၁၂/ကမန(နိုင်) ၁၁၅၆၀၄]အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၀–၅–၂၀၂၃)ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၅၀၉/၂၃)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည် –



အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် မိမိထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့် ကုန်ပစ္စည်းများအပေါ်တွင် အသုံးပြုမည်ဖြစ်ပြီး ၎င်းလုပ်ငန်းနှင့်ဆက်နွယ်သည့် စားသုံးကုန်အမျိုးမျိုး၊ ပေါင်မုန့်အမျိုးမျိုး၊ ကိတ်အမျိုးမျိုး၊ အစားအသောက်အမျိုးမျိုး၊ ခေါက်ဆွဲအမျိုးမျိုး၊ ကွတ်ကီးအမျိုးမျိုး၊ အာဟာရဓာတ်နှင့်ပြည့်ဝသည့် ဖြည့်စွက်စာအမျိုးမျိုး အစရှိသည်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်အား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ မမှန်မကန် တုပသုံးစွဲခြင်းကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိမ်းညိမ်းထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၁၅)**

| | |
|---|---|
| **ဒေါ်အေးငြိမ်းသူ(LL.B)** | **ဒေါ်နန့်အိဆုမွန်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၅၃၂၃၉)** | **(စဉ်–၄၉၄၀၁)** |

**စပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း– ၀၉–၇၉၃၉၆၇၂၈၄**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

